## နိဒါန်း

"ဟိုက္ဒ်(လ်)ဘာ့(ဂ်)အမေးအဖြေများ" (Heidelberg Catechism) ကိုမူရင်းအင်္ဂလိပ်ဘာသာစကားမှနေ၍ ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်များ (The Protestant Reformed Churches of Myanmar) မှ သိက္ခာတော်ရဆရာတိတုဆန်ကျဲဦးလွယ် (Rev. Titus San Ceu Luai) က မြန်မာဘာသာသို့ ပြန်ဆိုပါသည်။

အမေးအဖြေများသည်အသင်းတော်များပြန်လည်ပြုပြင်သောကာလ၌ (Reformation period) ရေးသားသမျှသောခံဝန်ချက်များ (Creeds) ထဲမှ အလှပဆုံးဖြစ်သည်။ယနေ့တိုင်အောင်"ခရစ်ယာန် ဆိုသည်မှာအဘယ်နည်း"ဆိုသည့်အကြောင်းကို သင်ယူဖို့ အကောင်းဆုံးသောသင်ရိုး (tool) ဖြစ်သည်။ အဓိကဖေါ်ပြသည့်အကြောင်းအရာမှာ ခရစ်ယာန်ယုံကြည်ခြင်း၏အဓိကအကြောင်းအ ရာများကို ရှင်းရှင်းလင်းလင်း၊ တိုတိုတုတ်တုတ် အမေးအဖြေများကိုသုံးလျှက် အကျဉ်းချုပ်ပြီးဖေါ်ပြထားချက်ဖြစ်သည်။

ရေးသားသည့်နိုင်ငံမှာ ဂျာမဏီနိုင်ငံဖြစ်သည်။ ထိုအချိန်ကဂျာမဏီပြည်၊ဟိုက္ဒ်(လ်)ဘာ့(ဂ်) အရပ်ကို အုပ်စိုးမင်းလုပ်နေသူမှာ တတိယမြောက်ဖရက္ဒ်ရစ် (Frederick III) ဖြစ်၏။ ၎င်းသည် မိ မိ၏ပြည်သူပြည်သားများအား ခရစ်ယာန်ဘာသာအကြောင်း သွန်သင်ဖို့ရန်၊ သင်ရိုးကောင်းတခု လိုအပ်နေကြောင်းကို သဘောပေါက်သူဖြစ်သည်။ထို့ကြောင့် ခက်(စ်)ပါအိုလီဗီးယန်းနပ်(စ်) (Kaspar Olevianus) နှင့် ဇက်ခရီးယပ်(စ်)အာစီးနပ်(စ်) (Zacharius Ursinus) ဆိုသည့်-မွပညာရှင်(၂)ဦးကိုရေးသားစေခဲ့သည်။ ရေးသား သည့်အရပ်ကိုအစွဲပြု၍ "ဟိုက္ဒ်(လ်)ဘာ့(ဂ်)အမေးအဖြေများ" (Heidelberg Catechism) ဟု အမည်တွင်ခဲ့သည်။

၁၅၆၃တွင်ပထမဆုံးအကြိမ်ထုတ်ဝေခဲ့ရာ လျှင်မြန်ကျယ်ပြန့်စွာလက်ခံအသုံးပြုခဲ့ကြသည်။ တတိယ အကြိမ်ထုတ်ဝေသောအခါတွင် ယနေ့တွေ့ရသည့်ပုံစံအတိုင်း၊တနှစ်တွင်ရှိသောရက်သတ္တ ပတ်များနှင့်ကိုက်ညီစွာ အပိုင်း(၅၂)ပိုင်း ခွဲ၍ထုတ်ဝေခဲ့ကြပါသည်။

ယခုတွေ့ရသောစာအုပ်သည် သုံးကြိမ်မြောက်ထုတ်ဝေခြင်းဖြစ်သလို၊ သုံးကြိမ်မြောက်သေ ချာစွာထပ်မံတီးဖြတ်၍၊ မူရင်းမှ လုံးဝနီးပါး မကွဲလွဲရလေအောင် ကြိုးစားထားပါသည်။

မြန်မာရီဖေါ့(မ်)စာပေအဖွဲ့

(Myanmar Reformed Literature Association)

၅/၁/၄၉၊ ရွှေလမ်း၊ ရွှေပြည်သာ၊ ရန်ကုန်မြို့။

## သခင်ဘုရား၏နေ့ (1)

1/ လူ၏သေခြင်းနှင့်ရှင်ခြင်းအကြောင်းအရာ၌ သင်၏တခုတည်းသောနှစ်သိမ့်စရာကားအဘယ် နည်း?

ကျွန်ုပ်၏ခန္ဓာနှင့်ဝိညာဉ်သည်၎င်း၊ သေခြင်းနှင့်ရှင်ခြင်းသည်၎င်း၊ ကျွန်ုပ်ပိုင်ဆိုင်သည့်အရာ မဟုတ်ပါ၊ သစ္စာနှင့်ပြည့်စုံသော ကျွန်ုပ်၏ကယ်တင်ရှင်သခင်ယေရှုခရစ်ကသာ ပိုင်ဆိုင်တော်မူ၏။ ကျွန်ုပ်၏အပြစ်များအတွက် သူ၏အသွေးတော်အားဖြင့် ဘုရားသခင်၏ကျေနပ်မှုကို ပြည့်စုံ စေတော်မူ၏။ ထို့အပြင်စာတန်၏ဘုန်းအာဏာအလုံးစုံမှ ကျွန်ုပ်အားကယ်တင်တော်မူ၏။ ထို့ အပြင် ကျွန်ုပ်အား အထူးသဖြင့်စောင့်ရှောက်တော်မူရကား ကောင်းကင်ဘုံ၌ရှိတော်မူသော အဖဘုရားသခင်အလိုတော်မပါဘဲ၊ ကျွန်ုပ်၏ဆံပင်တပင်မျှ ကျွန်ုပ်၏ဦးခေါင်းမှ မပြုတ်ကျနိုင်ပါ။ ဖြစ်သမျှသောအကြောင်းအရာများအားလုံးသည် ကျွန်ုပ်၏ကယ်တင်ခြင်းကို တနည်းတလမ်းအားဖြင့် အထောက်အကူပြုသောအရာများသာဖြစ်ကြ၏။ ထိုသို့နှင့်အညီ ထာဝရအသက်ကို ကျွန်ုပ်ကပိုင်ဆိုင်၏ဆိုသည်ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သေချာစိတ်ချစွာသိရှိစေပြီး၊ ယခုမှစ ၍ သူ၏အလိုတော်အတိုင်းအသက်ရှင်လိုသူ၊ ထိုသို့နေထိုင်ဖို့ရာအဆင်သင့်ပြင်ဆင်သူဖြစ်စေ၏။

(၁ကော ၆း၁၉-၂၀၊ ရော ၁၄း၇-၉၊ ၁ကော ၃း၂၃၊ ၁ပေ ၁း၁၈-၁၉၊ ၁ယော ၁း၇၊ ၃း၈၊ ဟေဗြဲ ၂း၁၄-၁၅၊ ယော ၆း၃၉၊ ၁၀း၂၈-၂၉၊ လုကာ ၂၁း၁၈၊ မဿဲ ၁၀း၃၀၊ ရော ၈း၂၈၊ ၂ကော ၁း၂၂၊ ၅း၅၊ ရော ၈း၁၄၊ ၇း၂၂)

2/ အထက်ကနှစ်သိမ့်မှုကိုခံစားရလျှက် သင်ပျော်ရွှင်စွာနေထိုင်နိုင်ဖို့အတွက်၊ သေခြင်းတရားကို ရင်ဆိုင်နိုင်ဖို့အတွက် အကြောင်းအရာမည်၍မည်မျှကိုသိထားရပါမည်နည်း?

အကြောင်းအရာသုံးမျိုးကိုသိထားရပါမည်။ ပထမအချက် ကျွန်ုပ်၏အပြစ်များနှင့်ဆင်းရဲခြင်းများသည် မည်မျှကြီးမားသည်ကိုသိရှိခြင်း၊ ဒုတိယအချက် ထိုအပြစ်များနှင့်ဆင်းရဲခြင်း များထဲမှ ကျွန်ုပ်မည်သို့လွတ်မြောက်နိုင်မည်ကိုသိရှိခြင်း၊ တတိယအချက် ထိုသို့ ကျွန်ုပ်အားလွတ် မြောက်စေသည့်ဘုရားသခင်အပေါ်ထားရှိသည့်ကျေးဇူးတရားကို မည်သို့ထုတ်ဖေါ်ရမည်နည်းဆိုသည်ကိုသိရှိခြင်း စသည်တို့ဖြစ်သည်။

(လုကာ ၂၄း၄၇၊ ၁ကော ၆း၁၀-၁၁၊ ယော ၉း၄၁၊ ရော ၃း၁၀၊၁၉၊ ဧဖက် ၅း၈-၁၀)

## ပထမပိုင်း – လူသားခံစားရသောဆင်းရဲဒုက္ခအကြောင်း

### သခင်ဘုရား၏နေ့ (2)

3/ သင်သည်ဒုက္ခဆင်းရဲခြင်းအတွင်း၌ရောက်ရှိနေသည်ကို မည်သို့သိရှိပါသနည်း?

ဘုရားသခင်၏ပညတ်တော်မှနေ၍သိရပါသည်။ (ရော ၃း၂၀)

4/ ဘုရားသခင်၏ပညတ်တော်က ကျွန်ုပ်တို့ထံမှမည်သည်ကိုတောင်းဆိုပါသနည်း?

သခင်ခရစ်တော်က မဿဲ ၂၂း၃၄-၃၇ တွင်အချုပ်အားဖြင့် ဤသို့သွန်သင်၏ "သင်၏ဘု ရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့်ချစ်လော့ ဟူသောပညတ်သည်ပဌ မပညတ်ဖြစ်၏။ ကြီးမြတ်သောပညတ်လည်းဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ ဟူသော္ဒုတိယပညတ်သည် ပထမပညတ်နှင့်သဘောတူ၏။"

(လုကာ ၁၀း၂၇)

5/ ဤအရာများအားလုံးကို သင့်အနေဖြင့်ပြည့်စုံစွာထိန်းသိမ်းလိုက်လျှောက်နိုင်ပါသလား?

လုံးဝမတတ်နိုင်ပါ။ ဇာတိအားဖြင့် ကျွန်ုပ်သည် ဘုရားသခင်နှင့်မိမိအိမ်နီးချင်းကို မုန်းတီးဖို့ ရန်သာ စိတ်ထက်သန်၏။(ရော ၃း၁၀၊ ၁ယော ၁း၈၊ ရော ၈း၇၊ တိတု ၃း၃)

### သခင်ဘုရား၏နေ့ (3)

6/ ဤသို့ဆိုလျှင် ဘုရားသခင်က လူသားကို ဆိုးညစ်သောသူ၊ မကောင်းမှု၌ကျင်လည်သောသူ အဖြစ် ဖန်ဆင်းခဲ့ပါသလား?

လုံးဝမဟုတ်ပါ။ ဘုရားသခင်ကလူသားကို ကောင်းမြတ်သူအဖြစ်နှင့် သူ၏ပုံသဏ္ဍာန်တော် အတိုင်း မှန်သောအသိပညာအတွင်း၌၄င်း၊ မှန်သောသန့်ရှင်းမှုအတွင်း၌၄င်း ဖန်ဆင်းထား၏။ ထိုသို့သောအားဖြင့် လူသားသည် ဖန်ဆင်းရှင်ဘုရားသခင်ကို မှန်ကန်စွာသိနိုင်မည်အကြောင်း၊ စိတ်နှလုံးအကြွင်းမဲ့နှင့်ချစ်နိုင်မည်အကြောင်း၊ ဘုရားသခင်နှင့်အတူ ထာဝရကောင်းချီးခံစားရ သည့်အခြေအနေတွင် နေထိုင်လျှက် ဘုန်းတော်ချီးမွမ်းနိုင်မည်အကြောင်း ဖန်ဆင်ထား၏။

(ကမ္ဘာ ၁း၃၁၊ ၁း၂၆-၂၇၊ ကော ၃း၁၀၊ ဧဖက် ၄း၂၄၊ ၁း၆၊ ၁ကော ၆း၂၀)

7/ သို့ဆိုလျှင် ဤအပြစ်တရား၌ပျက်ပြားနေသောဇာတိသည် မည်သည့်နေရာမှထွက်ပေါ်လာပါ သနည်း?

ပါရဒိသုဘုံဧ င်ဥယာဉ်၌ ကျွန်ုပ်တို့၏ပထမဆုံးသောမိဘများဖြစ်သည့် အဒ္ဒံနှင့်ဧဝတို့ ဘုရားသခင်အားမနာခံကြသောကြောင့် အပြစ်တရား၌ကျရှုံးခဲ့ကြခြင်းမှဖြစ်၏။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့၏ဇာတိပကတိသည် အလွန်တရာမှပျက်ပြားခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အပြစ် တရားအတွင်း၌ ပဋိသန္ဓေတည်လျှက် အပြစ်တရားအတွင်း၌ မွေးဖွားလာခဲ့ကြပါသည်။

(ကမ္ဘာ ၃း၆၊ ရော ၅း၁၂၊၁၈-၁၉၊ ဆာလံ ၅၁း၅၊ ကမ္ဘာ ၅း၃)

8/ အမှန်တကယ်ပင် ကျွန်ုပ်တို့၏ဇာတိပကတိသည် အလွန်တရာမှပျက်ပြားနေသဖြင့်ကောင်း သောအရာတစုံတခုကိုမျှ လုပ်ဆောင်နိုင်ခြင်းမရှိဘဲ၊ ဆိုးညစ်ခြင်းများ၌သာ တိမ်းညွတ်စိတ်ပါနေ ပါသလား?

အမှန်ပင်ဖြစ်၏။ ဘုရားသခင်၏ဝိညာဉ်တော်ထံမှ အသစ်မွေးဖွားမှုကို မခံရသေးသ၍ ဤ အခြေအနေ၌ပင် ရှိနေကြသေး၏။

(ကမ္ဘာ ၆း၅၊ ယောဘ ၁၄း၄၊ ၁၅း၁၄၊၁၆၊ ယော ၃း၅၊ ဧဖက် ၂း၅)

### သခင်ဘုရား၏နေ့ (4)

9/ ဤသို့ဆိုလျှင် လူသားမလိုက်လျှောက်နိုင်သောပညတ်တော်ကိုလိုက်လျှောက်ရန် လူသားထံ၌ ဘုရားသခင်ကတောင်းဆိုရာ မတရားရာ ကျပါသလား?

မကျပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကလူသားအား လိုက်လျှောက်နိုင်သူအဖြစ် ပြုလုပ်ခဲ့၏။ သို့သော်စာတန်၏လှုံ့ဆော်မှုအားဖြင့်၄င်း၊

မိမိ၏အလိုဆန္ဒပါသော နာခံလိုက် လျှောက်မှုမရှိခြင်းဖြင့်၄င်း လူသားသည် ဘုရားသခင်ကပေးသော ထိုအစွမ်းသတ္တိများကို မိမိအ တွက်နှင့်၊ နောင်လာနောက်သားများအတွက် ဆုံးရှုံးစေခဲ့၏။

(ဋ္ဌသနာ ၇း၂၉၊ ယော ၈း၄၄၊ ၂ကော ၁၁း၃၊ ကမ္ဘာ ၃း၄၊၇၊ ရော ၅း၁၂)

10/ ထိုသို့နာခံလိုက်လျှောက်ခြင်းမရှိသူ၊ ပုန်ကန်သူကို ဘုရားသခင်ကအပြစ်စီရင်ခြင်းမရှိဘဲ ဤသို့ပင် လွတ်စေပါသား?

လုံးဝမဟုတ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၌ရှိသော မူလအပြစ်ကို၄င်း၊ တကယ်ကျူး လွန်သောအပြစ်ကို၄င်း လွန်စွာမုပင်နှစ်မျို့မှုမရှိပါ။ ၄င်းတို့ကို ဖြောင့်မတ်သောတရားစီရင်ခြင်းနှင့်အညီ ယ္ခုဘဝ၌၄င်း၊ ထာဝရကာလ၌၄င်း အပြစ်စီရင်ခတ်တော်မူမည်။ ထို့ကြောင့် ဘုရားသ ခင်က ဤသို့ပြောထား၏၊ "ပညတ်တိကျမ်းစာ၌ ပါသမျှသောစကားတို့ကို အမြဲမကျင့်သောသူ တိုင်း ကျိန်တော်မူခြင်းကိုခံစေသတည်း။"

(ဆာလံ ၅း၅၊ ရော ၁း၁၈၊ တရား ၂၈း၁၅၊ ဟေဗြဲ ၉း၂၇၊ တရား ၂၇း၂၆၊ ဂလာ ၃း၁၀)

11/ ထိုသို့ဆိုလျှင် ဘုရားသခင်သည် ဂရုဏာနှင့်ပြည့်စုံသူ ဖြစ်နေပြန်သည်မဟုတ်ပါလား?

မှန်၏။ ဘုရားသခင်သည် တကယ်ပင်ဂရုဏာနှင့်ပြည့်စုံ၏။ သို့သော် သူသည် ဖြောင့်မတ် သူလည်းဖြစ်ပြန်၏။ ထို့ကြောင့် ဖြောင့်မတ်တော်မူခြင်းက ဘုရားသခင်၏အမြင့်ဆုံးသောကြီးမြတ်မှုကို ဆန့်ကျင်လျှက်ပြုသမျှသော အပြစ်များအားလုံး အဆုံးစွန်တို့ဂွဏ်ခတ်ခြင်းကိုခံရမည်ဟု တောင်းဆို၏။ ဆိုလိုသည်မှာ ခန္ဓာရောဝိညာဉ်ပါ ထာဝရအပြစ်ဒဏ်ခတ်ခြင်းကို ခံရမည်ဖြစ်၏။ (ထွက် ၃၄း၆၊ ၂၀း၅၊ ယောဘ ၃၄း၁၀-၁၁၊ ဆာလံ ၅း၅-၆၊ ကမ္ဘာ ၂း၁၇၊ ရော ၆း၂၆)

## ဒုတိယပိုင်း – လူသားဆင်းရဲကွမှလွတ်မြောက်ခြင်းအကြောင်း

### သခင်ဘုရား၏နေ့ (5)

12/ သို့ဆိုလျှင် ဘုရားသခင်၏ဖြောင့်မတ်သောအပြစ်ဒဏ်ခတ်ခြင်းကြောင့် ကျွန်ုပ်တို့သည် ယ္ခု ဘဝ၌၄င်း၊ ထာဝရကာလ၌၄င်း အပြစ်ဒဏ်စီရင်ခြင်းခံရမည်ဖြစ်ရာ၊ ထိုအခြေအနေမှလွတ် မြောက်ရန်လမ်းနှင့် ဘုရားသခင်၏မျက်နှာသာပေးမှု ပြန်၍လက်ခံနိုင်မည့်နည်းလမ်းမျိုးရှိနိုင်ပါ မည်လား?

ထိုသို့ဖြစ်ရန် ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းအား ကျေနပ်ပြည့်စုံစေရမည်။ ထိုပြည့် စုံသောကျေနပ်မှုကို ကျွန်ုပ်တို့အနေနှင့် မိမိတို့ဘာသာအားဖြင့်သော်၄င်း၊ တစုံတဦးအားဖြင့် သော်၄င်း ပြုလုပ်ရမည်ဖြစ်၏။(ထွက် ၂၀း၅၊ တရား ၂၄း၁၆၊ ၂ကော ၅း၁၄-၁၅)

13/ ထိုစိတ်ကျေနပ်ပြည့်စုံခြင်းကို ကျွန်ုပ်တို့အနေနှင့် မိမိတို့ဘာသာ လုပ်ဆောင်နိုင်ပါသလား?

လုံးဝမတတ်နိုင်ပါ။ ထိုမှဆန့်ကျင်စွာ နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့၏အကြွေးများကို ပို၍များပြားလာစေကြပါသည်။ (ယောဘ ၉း၂-၃၊၁၅း၁၄-၁၆၊ မဿဲ ၆း၁၂၊ ဟေရှာ ၆၄း၆)

14/ ကျွန်ုပ်တို့အဖို့ ဘုရားသခင်၏စိတ်ကျေနပ်ပြည့်စုံစေခြင်းကို လုပ်ဆောင်ပေးနိုင်စွမ်းသည့် ဖန်ဆင်းခံသတ္တဝါသက်သက်ထဲမှ တစုံတဦးကို တွေ့ရှိနိုင်ပါမည်လား?

မတွေ့နိုင်ပါ။ အဘယ်ကြောင့်ဆိုသော်၊ ပထမအနေနှင့် လူသားကျူးလွန်သောအပြစ်အ တွက် ဘုရားသခင်က မည်သည့်ဖန်ဆင်းခံသတ္တဝါ တစုံတဦးကိုမျှ အပြစ်၏ပေးမည်မဟုတ်ပါ။ ဒုတိယအနေနှင့် မည်သည့်ဖန်ဆင်းခံသတ္တဝါတစုံတဦးကမျှ အပြစ်ကိုဆန့်ကျင်သော ဘုရားသ ခင်၏အမျက်ဒေါသကို ထမ်းရွက်နိုင်သူမရှိပါ။ ထို့ကြောင့်သူတပါးအားထိုအထဲမှကယ်တင်နိုင်သူ မရှိပါ။ (ယေဇ ၁၈း၂၀၊ ဗျာ ၅း၃၊ ဆာလံ ၄၉း ၈-၉)

15/ ကျွန်ုပ်တို့အနေနှင့် မည်ကဲ့သို့သောဖြန်ဖြေပေးသူနှင့်ကယ်ပိုင်သူကို ရှာဖွေရမည်နည်း?

စစ်မှန်သောလူသား၊ ပြည့်စုံသောဖြောင့်မတ်ခြင်းရှိသူ၊ သို့သော် ဖန်ဆင်းခံသတ္တဝါများအား လုံးထက် ပို၍တန်ခိုးကြီးသောသူ၊ ဘုရားစင်စစ်လည်းဖြစ်သူကို ရှာရမည်။

(၁ကော ၁၅း၂၁၊ ရော ၈း၃၊ ၉း၅၊ ဟေရှာ ၇း၁၄)

### သခင်ဘုရား၏နေ့ (6)

16/ အဘယ်ကြောင့် ထိုသူသည် စစ်မှန်သောလူသား၊ ပြည့်စုံသောဖြောင့်မတ်ခြင်းရှိသူဖြစ်ရပါ မည်နည်း?

အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းက၊ အပြစ်ပြုခဲ့သောလူသား ဇာတိကသာ ကျေနပ်စေတော်မူခြင်းကိုပြုရမည်ဟု တောင်းဆိုသောကြောင့်ဖြစ်သည်။ မိမိကိုယ်၌ ကပင် အပြစ်သားဖြစ်သူသည် သူပါးအတွက် ကျေနပ်စေခြင်းကို မပြုလုပ်ပေးနိုင်ပါ။

(ရော ၅း၁၂-၁၅၊ ၁ပေ ၃း၁၈၊ ဟေရှာ ၇း၁၄)

17/ ထိုသူသည် အဘယ့်ကြောင့် ဇာတိတခုအတွင်းမှာပင်ဘုရားစင်စစ်လည်းဖြစ်ရပါမည်နည်း?

အဘယ်ကြောင့်ဆိုသော် သူ၏တန်ခိုးတော်အားဖြင့် လူသားဇာတိကိုထောက်မလျှက်၊ ဘု ရားသခင်၏အမျက်တော်ဝန်ထုတ်ကို ခံယူပေးခါ၊ ဖြောင့်မတ်ခြင်းတရားနှင့်ထာဝရအသက်ကို ကျွန်ုပ်တို့အတွက် ရယူပေးမည်၊ ပြန်လည်ရရှိစေမည်ဖြစ်၏။

(၁ပေ ၃း၁၈၊ တမန် ၂း၂၄၊ ဟေရှာ ၅၃း၈၊ ၁ယော ၁း၂၊ ယေ ၂၃း၆၊ ၂တိ ၁း၁၀၊ ယော ၆း၅၁)

18/ ဤသို့လျှင် ဇာတိတခုတည်း၌ ဘုရားစင်စစ်ဖြစ်လျှက် ဖြောင့်မတ်သောလူသားစင်စစ်လည်းဖြစ်နေပြန်သည့် ထိုကြားဝင်ဖြန်ဖြေပေးသူကား အဘယ်သူနည်း?

ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်တော်ဖြစ်၏။ “ထိုသခင်မူကား ဘုရားသခင် စီရင်တော်မူ သည့်အတိုင်း၊ ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်း ဖြစ်တော်မူ၏။

(မဿဲ ၁း၂၃၊ ၁တိ ၃း၁၆၊ လုကာ ၂း၁၁၊ ၁ကော ၁း၃၀)

19/ ဤအကြောင်းကို သင်မည်သည့်အချိန်မှစ၍သိရှိပါသနည်း?

ပရဒိသုဘုံ၌ ဘုရားသခင်ကိုယ်တော်တိုင်က ပထမဆုံးဖွင့်ပြခဲ့သည့် သန့်ရှင်းသောဧဝံဂေ လိတရားတော်အားဖြင့်ဖြစ်သည်။ ထို့နောက် -မှဟောင်းယုံကြည်ခြင်းဦးဆောင်သူများနှင့်ပရော ဖက်များက ဆက်၍ဟောပြောခဲ့ကြသည်။ ထို့နောက် ယဇ်ပူဇော်သက္ကာများ၊ အခြားသော ယဇ်ပူ ဇော်ခြင်းနှင့်ဆိုင်သည့် ဥပဒေပညတ်များဖြင့်ဖေါ်ပြခဲ့ပြီး၊ နောက်ဆုံး၌ ဘုရားသခင်၏တပါးတည်းသောသားတော်အားဖြင့် ပြည့်စုံစေခဲ့ပါသည်။ (ကမ္ဘာ ၃း၁၅၊ ၂၂း၁၇-၁၈၊ ၂၈း၁၄၊ ရော ၁း၂၊ ဟေဗြဲ ၁း၁၊ ယော ၅း၄၆၊ ဟေဗြဲ ၁၀း၇-၈၊ ရော ၁၀း၄၊ ဟေဗြဲ ၁၃း၈)

**သခင်ဘုရား၏နေ့ (7)**

20/ ထိုသို့ဆိုလျှင် လူသားအားလုံး အဒ္ဒံထံ၌သေဆုံးခဲ့ကြသကဲ့သို့ သခင်ခရစ်တော်အားဖြင့် လူ သားအားလုံးကယ်တင်ခြင်းကို ရရှိကြပါသလား?

မရရှိကြပါ။ စစ်မှန်သောယုံကြည်ခြင်းအားဖြင့် သူ့ထံ၌စိုက်ပျိုးခြင်းခံကြရသူများ၊ သူ၏ ကောင်းမြတ်ခြင်းအားလုံးကို လက်ခံကြသူများသာ ကယ်တင်ခြင်းရရှိကြ၏။

(မဿဲ ၁း၂၁၊ ဟေရှာ ၅၃း၁၁၊ ယော ၁း၁၂-၁၃၊ ရော ၁၀း၂၀၊ ဟေဗြဲ ၁၀း၃၉)

21/ စစ်မှန်သောယုံကြည်ခြင်းဆိုသည်မှာအဘယ်နည်း?

စစ်မှန်သောယုံကြည်ခြင်းဆိုသည်မှာ၊- သခင်ဘုရားက သူ၏နှုတ်ကပတ်တော်၌ဖေါ်ပြထား သောအကြောင်းအရာများအားလုံးသည် မှန်ကန်သည်ဟုခံယူသည့် အသိပညာသာလျှင်မဟုတ် ပါ။ ကျွန်ုပ်၏စိတ်နှလုံးအတွင်း၌ သန့်ရှင်းသောဝိညာဉ်တော်က ဧဝံဂေလိတရားအားဖြင့်လုပ် ဆောင်ပေးသည့် သေချာသောယုံကြည်စိတ်ချမှုလည်းဖြစ်သည်။ ထိုစိတ်ချမှုဆိုသည်မှာ သခင်ခ ရစ်တော်၏ထိုက်တန်တော်မူခြင်းများကြောင့် ကျေးဇူးတော်သက်သက်အားဖြင့်ဘုရားသခင်သည် အခြားသောသူများကိုသာမဟုတ်၊ ကျွန်ုပ်ကိုလည်း အပြစ်မှခွင့်လွှတ်ခြင်းအခွင့်၊ ထာဝရဖြောင့် မတ်ခြင်းနှင့် ကယ်တင်ခြင်းအခွင့် စသည်တို့ကို အဖိုးအခမယူဘဲပေးတော်မူ၏ ဆိုသည့်အရာ ဖြစ်သည်။ (ယော ၆း၆၉၊ ဟေဗြဲ ၁၁း၃-၆၊ ဧဖက် ၃း၁၂၊ ရော ၄း၁၆၊၂၀-၂၁၊ ဟေဗြဲ ၁၁း၁၊ ရော ၁း၁၆၊ ၁ကော ၁း၂၁၊ တမန် ၁၆း၁၄၊ မဿဲ ၁၆း၁၇၊ ယော ၃း၅၊ ရော ၁၀း၁၄၊၁၇၊ မဿဲ ၉း၂၊ ရော ၅း၁၊ ဂလာ ၂း၂၀၊ ရော ၃း၂၄-၂၆)

22/ ဤသို့ဆိုလျှင် ခရစ်ယာန်တယောက်အနေနှင့် မဖြစ်မနေယုံကြည်ရမည့်အရာကားအဘယ် နည်း?

ဧဝံဂေလိတရားအတွင်း၌ဂတိထားတော်မူသော အရာအားလုံးဖြစ်၏။ ၎င်းတို့ကို ကျွန်ုပ်တို့၏ သံသယဖြစ်စရာမလိုသော ခရစ်ယာန်ယုံကြည်ချက်စာပိုဒ်များက အကျဉ်းချုပ်၍သွန်သင် ထားပါသည်။(ယော ၂၀း၃၀၊ မဿဲ ၂၈း၁၉-၂၀)

23/ ထိုစာပိုဒ်များကားအဘယ်နည်း?

၁။ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသည့် ဘုန်းကြီးတော်မူသော ခမည်းတော်ဘုရား သခင်ကို ကျွန်ုပ်ယုံကြည်ပါသည်။
၂။ ကျွန်ုပ်တို့၏သခင်၊ သူ၏တပါးတည်းသောသားတော် သခင်ယေရှုခရစ်တော်ကို ကျွန်ုပ် ယုံကြည်ပါသည်။
၃။ ထိုသားတော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေယူတော်မူ၍၊ အပျိုက ညာမာရိအားဖြင့် ဖွားမြင်ခြင်းကိုခံယူတော်မူ၏ဟု ကျွန်ုပ်ယုံကြည်ပါသည်။
၄။ သူသည် ပုန္တိပိလတ်မင်းလက်ထက်၌ဒုက္ခများကိုခံစားလျှက်၊ လက်ဝါးကပ်တိုင်တွင် တင် ထားခြင်းကိုခံရ၏။ ထို့နောက် မြေ၌မြှုပ်ထားခြင်းကိုခံ၏။ သူသည် ငရဲသို့တိုင်ဆင်းသက် ခဲ့၏ဟု ကျွန်ုပ်ယုံကြည်ပါသည်။
၅။ သုံးရက်မြောက်နေ့တွင် သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်ခဲ့၏ဟု ကျွန်ုပ်ယုံကြည်ပါ သည်။
၆။ ထို့နောက် ကောင်းကင်ဘုံသို့တက်ကြွတော်မူခဲ့၍၊ ဘုန်းကြီးတော်မူသော ခမည်းတော်ဘု ရားသခင်၏လက်ျာဘက်၌ ထိုင် တော်မူ၏ဟု ကျွန်ုပ်ယုံကြည်ပါသည်။
၇။ ထိုအရပ်မှနေ၍ သူသည် သေသူရှင်သူအပေါင်းတို့ကို တရားစီရင်ရန် ပြန် လာဦးမည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။
၈။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ကျွန်ုပ် ယုံကြည်ပါသည်။
၉။ သန့်ရှင်းသောကက်သလစ်အသင်းတော်တပါးနှင့် ယုံကြည်သူများ၏မိတ်သဟာယဖွဲ့ခြင်းကို ကျွန်ုပ် ယုံကြည်ပါသည်။
၁၀။ အပြစ်များအားခွင့်လွှတ်ခြင်းကို ကျွန်ုပ် ယုံကြည်ပါသည်။
၁၁။ ခန္ဓာကိုယ်ရှင်ပြန်ထမြောက်ခြင်းကို ကျွန်ုပ် ယုံကြည်ပါသည်။
၁၂။ ထာဝရအသက်ရှိသည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။

**သခင်ဘုရား၏နေ့ (8)**

24/ ထိုစာပိုဒ်များကို မည်သို့ပိုင်းခြားထားပါသနည်း?

သုံးပိုင်း ပိုင်းထားပါသည်။ ပထမပိုင်း၌ ခမည်းတော်ဘုရားသခင်နှင့်ကျွန်ုပ်တို့အားဖန်ဆင်း ခြင်းအကြောင်းဖော်ပြ၍၊ ဒုတိယပိုင်း၌ သားတော်ဘုရားနှင့်ကျွန်ုပ်တို့၏ကယ်တင်ခြင်းအကြောင်းကိုဖော်ပြပြီး၊ တတိယပိုင်း၌ ဝိညာဉ်တော်ဘုရားအကြောင်းနှင့် ကျွန်ုပ်တို့၏သန့်ရှင်းခြင်းအကြောင်းကိုဖော်ပြပါသည်။(ကမ္ဘာ ၁၊ ၁ပေ ၁း၁၈-၁၉၊၂၁-၂၂)

25/ ဘုရားသခင်တဆူတည်းသာရှိသည်ဆိုသော်လည်း သင်သည် အဘယ့်ကြောင့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဟူ၍ပြောဆိုပါသနည်း?

အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က သူ၏နှုတ်ကပတ်တော်ထဲတွင်၊ ထိုသီးခြားစီဖြစ် သောသုံးပါးတို့သည် တဆူတည်းသာဖြစ်သော၊ မှန်ကန်တော်မူသော၊ ထာဝရဘုရားသခင်ဖြစ် တော်မူ၏ဟု ဖော်ပြထား၍ဖြစ်သည်။ (တရား ၆း၄၊ ကမ္ဘာ ၁း၂၆၊ ဟေရှာ ၆၁း၁၊ ယော ၁၄း၁၆-၁၇၊ ၁ယော ၅း၇၊ ယော ၁း၁၃၊ မဿဲ ၂၈း၁၉၊ ၂ကော ၁၃း၁၄)

**ခမည်းတော်ဘုရားအကြောင်း**

**သခင်ဘုရား၏နေ့ (9)**

26/ "ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသည့် ဘုန်းကြီးတော်မူသော ခမည်းတော်ဘုရား သခင်ကို ကျွန်ုပ်ယုံကြည်ပါသည်"ဟုပြောဆိုရာ၌ သင်သည်မည်သည်ကိုယုံကြည်ပါသနည်း?

သခင်ယေရှုခရစ်တော်၏ထာဝရခမည်းတော်(ဘာမျှမရှိသောအခြေအနေမှ၊ကောင်းကင်နှင့် မြေကြီးကိုငှင်း၊ ၎င်းတို့အထဲရှိအရာခပ်သိမ်းကိုငှင်း ဖန်ဆင်းတော်မူသူ၊ ၎င်းတို့ကိုသူ၏ထာဝရအ ကြံအစည်နှင့်ထောက်မထိန်းသိမ်းတော်မူခြင်းအားဖြင့် အုပ်စိုးထောက်မတော်မူလျှက်ရှိသူ)သည် သူ၏သားတော်ကြောင့် ကျွန်ုပ်၏ဘုရားသခင်နှင့်ကျွန်ုပ်၏အဘဖြစ်လာ၏။ သူ့အပေါ် ကျွန်ုပ် သည် လုံးလုံးလျားလျားမှီခိုအားထားသဖြင့် ကျွန်ုပ်၏ခန္ဓာနှင့်ဝိညာဉ်အတွက် လိုအပ်သည့်အရာများကို ပေးသနားမူမည်အကြောင်း ကျွန်ုပ်သည် သံသယကင်းလျှက်ရှိပါသည်။ ထို့အပြင် မျက် ရည်တောင်ကြား၍ဘဝ၌ သူစေလွှတ်လိုက်သော ဒုက္ခတရားအားလုံးတို့ကိုလည်း၊ ဘုန်းကြီးတော်မူသောဘုရားဖြစ်သည်နှင့်အညီ၊ ကျွန်ုပ်အဖို့ ကောင်းမြတ်သောအရာများအဖြစ်သို့ ပြောင်းလဲစေနိုင်ပြီး၊ ပြောင်းလဲစေဖို့ရာစိတ်ဆန္ဒရှိသည့်၊ သစ္စာနှင့်ပြည့်စုံတော်မူသောအဘဖြစ်တော်မူ၏။

(ကမ္ဘာ ၁၊၂၊ ဆာလံ ၁၁၅း၃၊ မဿဲ ၁၀း၂၉၊ ဟေဗြဲ ၁း၃၊ ယော ၅း၁၇၊ ယော ၁း၁၂၊၁၆၊ ရော ၈း၁၅-၁၆၊ ဂလာ ၄း၅-၆၊ ဧဖက် ၁း၅၊ ၁ယော ၃း၁၊ ဆာလံ ၅၅း၂၂၊ မဿဲ ၆း၂၆၊ ရော ၈း၂၈၊ ၄း၂၁၊ ၁၀း၁၂၊ မဿဲ ၆း၂၆၊ ၇း၉-၁၁)

## သခင်ဘုရား၏နေ့ (10)

27/ ဘုရားသခင်၏ထောက်မထိန်းသိမ်းတော်မူခြင်းဟုဆိုရာ၌ သင်ဘာကိုဆိုလိုပါသနည်း?

ခွန်အားကြီး၍၊ နေရာတိုင်း၌ရှိတော်မူသော ဘုရားသခင်၏တန်ခိုးတော်သည် ကောင်းကင် မြေကြီး၊ ဖန်ဆင်းတော်မူသမျှသောအရာအားလုံးကို အုပ်စိုးလျှက်၊ ထောက်ပံ့မစတော်မူ၏။ ထို သို့ပြုရာ၌ သူ၏တကယ့်လက်တော်အားဖြင့်ပြုသကဲ့သို့ဖြစ်၏။ ထို့ကြောင့် သစ်ဥသစ်ဖုများနှင့် မြက်ခင်းပြင်များသည်၄င်း၊ မိုးရွာခြင်းနှင့်မိုးခေါင်ခြင်းများသည်၄င်း၊ သီးနှံပေါသောနှစ်များနှင့် ခေါင်းပါးသောနှစ်များသည်၄င်း၊ သားငါးနှင့်သောက်သုံးစရာများသည်၄င်း၊ ကျန်းမာခြင်းနှင့်ဖျားနာခြင်းသည်၄င်း၊ ကြွယ်ဝခြင်းနှင့်ဆင်းရဲခြင်းသည်၄င်း၊ မှန်ပါသည်၊ ခပ်သိမ်းသောအရာတို့သည် မတော်တဆဖြစ်လာကြသည်မဟုတ်ပါ။ ဘခင်နှင့်တူသောဘုရားသခင်၏လက်တော်မှနေ၍သာ ဖြစ်ပေါ်လာကြပါသည်။(တမန် ၁၇း၂၅-၂၈၊ ဟေဗြဲ ၁း၃၊ ယေ ၅း၂၄၊ တမန် ၁၄း၁၇၊ ယော ၉း၃၊ သုတ္တံ ၂၂း၂၊ ယော ဘ ၁း၂၁၊ မဿဲ ၁၀း၂၉-၃၀၊ ဧဖက် ၁း၁၁)

28/ ဘုရားသခင်က အရာခပ်သိမ်းကို သူ၏ထောက်မထိန်းသိမ်းတော်မူခြင်းဖြင့် ထောက်ပံ့မစ တော်မူလျှက်ရှိသည်ကို သိရှိခြင်းက မည်သည့်အကျိုးရှိပါသနည်း?

ဆန့်ကျင်မှုများကိုတွေ့ရသည့်အခါ သည်းခံနိုင်၏၊ ကြွယ်ဝချိန်၌ကျေးဇူးတော်ချီးမွမ်းနိုင်၏၊ မည်သို့သောအကြောင်းအရာမျိုးမဆို ကျွန်ုပ်တို့အပေါ်သို့ရောက်ရှိလာပါကလည်း ကျွန်ုပ်တို့၏ သစ္စာရှိသောအဘနှင့်ဘုရားသခင်အပေါ်၌သာ ခိုင်မာစွာယုံကြည်ကိုးစားသည်ဖြစ်၍ သူ၏ချစ်ခြင်းမေတ္တာမှနေ၍ မည်သည်ကမျှ ကျွန်ုပ်တို့ကို မခွဲနိုင်စေပါ။ ဖန်ဆင်းတော်မူသောအရာခပ် သိမ်းသည် သူ၏လက်တော်အတွင်း၌သာရှိသဖြင့်၊ မည်သည့်အရာမျှ သူ၏အလိုတော်မပါရှိဘဲ လှုပ်ရှားနိုင်ခြင်း မရှိပါ။ (ရော ၅း၃၊ ဆာလံ ၃၉း၁၀၊ တရား ၈း၁၀၊ ၁သက် ၅း၁၈၊ ရော ၅း၃-၆၊ ၈း၃၈-၃၉၊ ယောဘ ၁း၁၂၊ ၂း၆၊ မဿဲ ၈း၃၀၊ ဟေရှာ ၁၀း၁၅)

## သားတော်ဘုရားအကြောင်း

## သခင်ဘုရား၏နေ့ (11)

29/ ဘုရားသခင်၏သားတော်အား အဘယ့်ကြောင့် ကယ်တင်ရှင်ဟုအမည်ပွါယ်ရသော ယေရှု အ မည်မှည့်ရပါသနည်း?

အဘယ့်ကြောင့်ဆိုသော် သူကကျွန်ုပ်တို့ကိုကယ်တင်၍၊ အပြစ်များမှလွတ်စေ၍ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့သည် အခြားမည်သည့်နေရာ၌မျှ ကယ်တင်ခြင်းကိုမရှာဖွေသင့်ပါ။ တွေ့လဲ တွေ့နိုင်မည် မဟုတ်ပါ။(မဿဲ ၁း၂၁၊ တမန် ၄း၁၂)

30/ ဤသို့ဆိုလျှင် မိမိတို့၏ ကယ်တင်ခြင်းနှင့်တိုးတက်ကြီးပွားခြင်းတို့ကို သူတော်စင်များထံ၌ ၄င်း၊ မိမိကိုယ်ကို၌၄င်း၊ (သို့)အခြားတနေရာရာ၌၄င်း ရှာဖွေသူများသည် တပါးတည်းသာဖြစ် သော ကယ်တင်ရှင်သခင်ယေရှုကို ယုံကြည်ကြပါသလား?

မယုံကြည်ကြပါ။ စကားလုံးများဖြင့်သာ သူ့အကြောင်းကြွားဝါနေကြသော်လည်း လက်တွေ့ တွင် သခင်ယေရှုသာလျှင် ကယ်လွှတ်သူနှင့်ကယ်တင်ရှင်ဖြစ်ကြောင်းကို ငြင်းပယ်ကြ၏။ ထို့ ကြောင့် ဤအကြောင်းအရာနှစ်ခုမှ တခုသာလျှင်မှန်နိုင်မည်။ သခင်ယေရှုသည် မပြည့်ဝသော ကယ်တင်ရှင်ဖြစ်မည်၊ သို့တည်းမဟုတ် ထိုကယ်တင်ပိုင်ရှင်အား စစ်မှန်သောယုံကြည်ချက်ဖြင့် လက်ခံသူတိုင်းသည် သူ့ထံ၌ ကယ်တင်ခြင်းနှင့်ပတ်သက်၍ လိုအပ်သမျှကိုရရှိမည်။

(၁ကော ၁း၁၃၊၃၁၊ ဂလာ ၅း၄၊ ကော ၂း၂၀၊ ဟေရှာ ၉း၆-၇၊ ကော ၁း၁၉-၂၀)

## သခင်ဘုရား၏နေ့ (12)

31/ သူ့အားအဘယ်ကြောင့် ဘိသိက်ပေးခြင်းခံရသူဟုအမည်ပွါယ်ရသည့် သခင်ခရစ်တော်ဟူ သော အမည်ဖြင့် မှည့်ရသနည်း?

အဘယ်ကြောင့်ဆိုသော် သူသည်ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏ အလိုတော်နှင့်အကြံအစည်တော်၏လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့ထံသို့ ပြည့်ဝစွာဖေါ်ပြမည့် ကျွန်ုပ် တို့၏ ပရောဖက်နှင့်ဆရာဖြစ်လာရန်အတွက်၄င်း၊ မိမိခန္ဓာကိုယ်ကိုတကြိမ်ယဇ်ပူဇော်ခြင်းဖြင့် ကျွန်ုပ်တို့ကို ကယ်တင်လျှက်၊ ခမည်းတော်ထံ၌ ကျွန်ုပ်တို့အတွက် အမြဲမပြတ်ဆုတောင်းပေးသူ၊ ကျွန်ုပ်တို့၏တပါးတည်းသော မြင့်မြတ်သော ယဇ်ပုရောဟိတ်မင်းဖြစ်လာရန်အတွက်၄င်း၊ ကျွန်ုပ် တို့အား သူ၏နှုတ်ကပတ်တော်နှင့်ဝိညာဉ်တော်အားဖြင့်အုပ်စိုးလျှက်၊ ကာကွယ်ပေးလျှက်၊ ကျွန်ုပ်တို့အတွက် သူကိုယ်တိုင်ဝယ်ပေးသောကယ်တင်ခြင်းကို အပြည့်အဝခံစားစေခြင်းအတွင်း၌ စောင့်ရှောက်ထိန်းသိမ်းသူ ကျွန်ုပ်တို့၏ထာဝရရှင်ဘုရင်ဖြစ်လာရန်အတွက်၄င်း ခမည်းတော် ဘုရားသခင်ကခွဲခန့်မှတ်သား၍၊

သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဘိသိက်ပေးတော်မူသော ကြောင့်ဖြစ်သည်။

(ဟေဗြဲ ၁း၉၊ တရား ၁၆း၁၈၊ တမန် ၃း၂၂၊ ယော ၁း၁၈၊ ၁၅း၁၅၊ မဿဲ ၁၁း၂၇၊ ဆာလံ ၁၁း၄၊ ဟေဗြဲ ၇း၂၁၊ ၁၀း၁၄၊ ရော ၈း ၃၄၊ ဆာလံ ၂း၆၊ လု ၁း၃၃၊ မဿဲ ၂၈း၁၈၊ ယော ၁၀း၂၈)

32/ သင့်အား အဘယ်ကြောင့် ခရစ်ယာန်ဟုခေါ်ပါသနည်း?

အဘယ်ကြောင့်ဆိုသော် သူ၏နာမတော်ကို ဝန်ခံသူဖြစ်လာမည်အကြောင်း၊ မိမိ၏ခန္ဓာ ကိုယ်ကို ကျေးဇူးတင်သည့်အနေနှင့် သူ့ထံသို့အသက်ရှင်သောယဇ်အဖြစ်ဖြင့် ဆက်ကပ်မည်အ ကြောင်း၊ ထို့အတူ လွတ်လပ်သော ကောင်းမြတ်သောဩတ္တပ္ပစိတ်ဖြင့် အပြစ်နှင့်စာတန်ကိုယ္ခုဘ ဝ၌ တိုက်လှန်မည်အကြောင်း၊ ထို့နောက်သူနှင့်အတူ ဖန်ဆင်းထားသောအရာအားလုံးကို ထာဝ ရ အုပ်စိုးမည်အကြောင်း၊ ယုံကြည်ခြင်းအားဖြင့် သခင်ခရစ်တော်၏အင်္ဂါတခုဖြစ်လာလျှက် သူ၏ဘိသိက်ခံရခြင်းကို ပါဝင်ဆက်ဆံရသူဖြစ်လာသောကြောင့်ဖြစ်၏။

(၁ကော ၆း၁၅၊ ၁ယော ၂း၂၇၊ ယောလ၂း၂၈၊ မဿဲ ၁၀း၃၂၊ ရော ၁၂း၁၊ ဧဖက် ၆း၁၁-၁၂၊ ၁တိ ၁း၁၈-၁၉၊ ၂တိ ၂း၁၂)

## **သခင်ဘုရား၏နေ့** (13)

33/ ကျွန်ုပ်တို့ကို ဘုရားသခင်၏သားသမီးများဟုခေါ်လျှက်နှင့်၊ အဘယ်ကြောင့် သခင်ခရစ် တော်ကို ဘုရားသခင်၏တပါးတည်းသောသားတော်ဟု ခေါ်ပါသနည်း?

အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်သာ ထာဝရအားဖြင့်၎င်း၊ သဘာဝအားဖြင့်၎င်း ဘုရားသခင်၏သားတော်ဖြစ်၍၊ ကျွန်ုပ်တို့မူကား သူ့အတွက်ကြောင့်သာ ကျေးဇူးတော်အားဖြင့် ဘုရားသခင်၏မွေးစားခြင်းကိုခံရသော သားသမီးများဖြစ်သည်။

(ယော ၁း၁၊ ဟေဗြဲ ၁း၂၊ ရော ၈း၁၅-၁၇၊ ဧဖက် ၁း၅-၆)

34/ သင်က အဘယ့်ကြောင့် သူအား အရှင်သခင်ဟုခေါ်ရပါသနည်း?

အဘယ်ကြောင့်ဆိုသော်၊ သူက ကျွန်ုပ်တို့၏ခန္ဓာရောဝိညာဉ်ပါ အပြစ်များအားလုံးမှနေ၍ ရွှေငွေတို့နှင့်မဟုတ်၊ အဖိုးထိုက်လှသော သူ၏အသွေးတော်အားဖြင့်ကယ်တင်လျှက် နတ်ဆိုး၏ တန်ခိုးအားလုံးမှနေ၍ လွတ်မြောက်စေပြီး၊ ကျွန်ုပ်တို့အား သူပိုင်ဆိုင်သောအရာအဖြစ် ပြုလုပ်သောကြောင့်ဖြစ်၏။ (၁ပေ ၁၈-၁၉၊ ၁ကော ၆း၂၀)

## **သခင်ဘုရား၏နေ့** (14)

35/ "သူသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပဋိသန္ဓေယူ၍ အပျိုကညာမာရိအားဖြင့်ဖွားမြင်ခြင်းကိုခံတော်မူ၏၊"ဆိုသောစကားစု၏ အဓိပ္ပါယ်ကားအဘယ်နည်း?

အစဉ်အမြဲတည်တော်မူလျှက် မှန်ကန်တော်မူသော၊ ထာဝရဘုရားဖြစ်တော်မူသော၊ ဘု ရားသခင်၏သားတော်သည် အပြစ်တရားမှလွဲ၍ အခြားသောအရာများအားလုံး၌ သူ၏ညီအကို များနှင့်တူမည်အကြောင်း၊ ဒါဝိတ်မင်းကြီး၏စစ်မှန်သောမျိုးစေ့ဖြစ်မည်အကြောင်း သန့်ရှင်းသော ဝိညာဉ်တော်၏လုပ်ဆောင်မှုအားဖြင့် အပျိုကညာမာရိ၏အသွေးအသားအားဖြင့် လူသားဇာတိ စစ်ကို ယူတင်ဝတ်ဆောင်တော်မူ၏။

(ယော ၁း၁၊ ကော ၁း၁၅၊ ဆာလံ ၂း၇၊ ရော ၉း၅၊ ၁ယော ၅း၂၀၊ ယော ၁း၁၄၊ ဂလာ ၄း၄၊ မဿဲ ၁း၁၈၊ လု ၁း၃၅၊ ဆာလံ ၁၃၂း၂၊ တမန် ၂း၃၀၊ ရော ၁း၃၊ ဖိ ၂း၇၊ ဟေဗြဲ ၄း၁၅)

36/ သခင်ခရစ်တော်၏ သန့်ရှင်းစွာပဋိသန္ဓေယူခြင်း၊ ဖွားမြင်ခြင်းကိုခံတော်မူခြင်းတို့မှနေ၍ သင် မည်သို့သောအကျိုးအမြတ်ကို ရရှိပါသနည်း?

သူသည် ကျွန်ုပ်တို့၏ကြားဝင်ဖြန်ဖြေပေးသူဖြစ်၏။ သူ၏အပြစ်ကင်းမဲ့ခြင်း၊ ပြည့်စုံသော သန့်ရှင်းတော်မူခြင်းဖြင့် အမိဝမ်းတွင်းပဋိသန္ဓေယူစဉ်ကပင်ပါလာသော

ကျွန်ုပ်၏အပြစ်များကို ဘုရားသခင်၏ရှေ့တော်မှောက်၌ ဖုံးကွယ်ပေးသည်။

(ဟေဗြဲ ၂း၁၆-၁၇၊ ဆာလံ ၃၂း၁၊ ၁ကော ၁း၃၀၊ ရော ၈း၃-၄)

## သခင်ဘုရား၏နေ့ (15)

37/ "သူသည် ငြ္ကာခံစားတော်မူ၏"ဟူသည်ကို သင်မည်သို့နားလည်ပါသနည်း?

သခင်ခရစ်တော် ဤကမ္ဘာပေါ်တွင်နေစဉ်ကာလပတ်လုံး အထူးသဖြင့် နောက်ဆုံးသောအ ချိန်များ၌၊ ဘုရားသခင်မှ လူသားတရပ်လုံး၏ အပြစ်များအားဆန့်ကျင်သော အမျက်ဒွေါသကို မိမိ၏ခန္ဓာနှင့်ဝိညာဉ်၌ခံစားခဲ့၏။ အမျက်ပြေစေမည့်တခုတည်းသောယဇ်ပူဇော်ခြင်းကဲ့သို့၊ သူ၏ ဝေဒနာခံစားခြင်းများဖြင့် ကျွန်ုပ်တို့၏ခန္ဓာနှင့်ဝိညာဉ်ကို ထာဝရပျက်ဆီးခြင်းမှ ကယ်တင်တော်မူ၏။ ဘုရားသခင်၏မျက်နှာသာပေးခြင်း၊ ဖြောင့်မတ်ခြင်းနှင့်ထာဝရအသက်ကို ရရှိစေ၏။

(၁ပေ ၂း၂၄၊ ဟေရှာ ၅၃း၁၂၊ ၁ယော ၂း၂၊ ရော ၃း၂၅)

38/ တရားစီရင်သူပိလတ်မင်းလက်ထက်၌ အဘယ်ကြောင့် သူသည် ထိုသို့ခံစားခဲ့ပါသနည်း?

သူသည် အပြစ်ကင်းစင်သော်လည်း လောကီတရားသူကြီး၏အပြစ်ပေးမှုခံရခြင်းဖြင့်၊ကျွန်ုပ် တို့ခံရမည့် ဘုရားသခင်၏ပြင်းထန်သောအပြစ်စီရင်မှုမှ ကျွန်ုပ်တို့အား လွတ်စေမည်ဖြစ်၏။

(လု ၂၃း၁၄၊ ယော ၁၉း၄၊ ဆာလံ ၆၉း၄၊ ဂလာ ၃း၁၃-၁၄)

39/ လက်ဝါးကပ်တိုင်၌အသေခံခြင်းအပေါ် အခြားဖေါ်ပြစရာရှိနေပါသေးသလား၊ အကယ်၍ အခြားအသေခံခြင်းနှင့်အသေခံပါက မည်သို့နည်း?

ရှိသေး၏။ ကျွန်ုပ်အပေါ်၌ထားရှိသောကျိန်ခြင်းကိုသူကယူဆောင်ခဲ့ပြီဟု ကျွန်ုပ်အားစိတ်ချ စေ၏။ အဘယ်ကြောင့်ဆိုသော် လက်ဝါးကပ်တိုင်၌သေခြင်းသည် ဘုရားသခင်၏ကျိန်ခြင်းဖြစ်၏။ (တရား ၂၁း၂၃၊ ဂလာ ၃း၁၃)

## သခင်ဘုရား၏နေ့ (16)

40/ သခင်ခရစ်တော်၏ မိမိကိုယ်မိမိ သေခြင်းတိုင်အောင်နှိမ့်ချတော်မူခြင်းသည် အဘယ် ကြောင့် မရှိမဖြစ်လိုအပ်ခဲ့ရသနည်း?

အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏မှန်ကန်ခြင်းနှင့်တရားခြင်းအရ အပြစ်များအတွက် ကျေနပ်ခြင်းသည် ဘုရား၏သားတော်အသေခံခြင်းမှလွဲ၍ ပြုလုပ်၍မရသောကြောင့်ဖြစ်သည်။

(ကမ္ဘာ ၂း၁၇၊ ဟေဗြဲ ၂း၉-၁၀၊ ဖိ ၂း၈)

41/ သူသည်အဘယ်ကြောင့်မြှုပ်နှံခြင်းကိုလည်းခံပါသနည်း?

ထိုသို့ဖြင့်သူသည် တကယ်ပင်သေခဲ့၏ဆိုသည်ကို ခိုင်လုံစေ၏။

(တမန် ၁၃း၂၉၊ မာကု ၁၅း၄၃၊၄၆)

42/ သခင်ခရစ်တော် ကျွန်ုပ်တို့အတွက်သေခဲ့လျှင် ကျွန်ုပ်တို့အဘယ်ကြောင့်သေရသနည်း?

ကျွန်ုပ်တို့၏သေခြင်းသည် အပြစ်များအတွက်ကျေနပ်စေခြင်းမဟုတ်၊ အပြစ်များအား ဖျက် သိမ်းခြင်းသာဖြစ်၏။ ထာဝရအသက်ဝင်စားဖို့ရန် လမ်းအကူးတခုသာဖြစ်၏။

(ယော ၅း၂၄၊ ဖိ ၁း၂၃)

43/ သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းနှင့်ယဇ်ပူဇော်ခြင်းမှ မည်သို့သော အ ကျိုးကျေးဇူးကို ကျွန်ုပ်တို့ ထပ်မံရရှိပါသေးသနည်း?

ထိုအရာ၏တန်ခိုးအားဖြင့် ကျွန်ုပ်တို့၏လူဟောင်းသည် သူနှင့်အတူလက်ဝါးကပ်တိုင်၌ တင်ထားခံရ၏။ သေ၏၊ မြှုတ်နှံ၏။ ထို့ကြောင့် အသွေးအသား၏ပျက်စီးနေသောတိမ်းညွတ်ခြင်း များ ကျွန်ုပ်တို့အထဲ၌ မအုပ်စိုးတော့ပါ။ သို့သော် မိမိတို့ကိုယ်ကို ကျေးဇူးတင်ခြင်းယဇ်အဖြစ် သူ့အားဆက်ကပ်ကြပါမည်။ (ရော ၆း၆-၇၊၁၂။ ၁၂း၁)

44/ "သူသည် ငရဲသို့တိုင်ဆင်းသက်ခဲ့သည်"ဆိုသည့်စကားစုကို အဘယ်ကြောင့်ထပ်၍ပေါင်း ထည့်ထားရသနည်း?

ကျွန်ုပ်၏သခင်ယေရှုခရစ်တော်သည် နှုတ်ဖြင့်ပင်ပြော၍မထွက်သည့် ကြီးစွာသော်လွှက္ခဝေ  နာများ၊ နာကျင်ခြင်းများ၊ ကြောက်ရွံ့ခြင်းများ၊ ငရဲ၏ဝေဒနာများကို သူ၏ဝေဒနာခံစားခြင်းများအားလုံးတွင်၊ အထူးသဖြင့် လက်ဝါးကပ်တိုင်ပေါ်၌ နက်ရှိုင်းစွာခံစားခြင်းဖြင့် ကျွန်ုပ်ကို ငရဲ၏ဝေဒနာနှင့်ညှင်းပန်းနှိပ်စက်မှုများမှ လွတ်မြောက်စေ၏။ ထို့ကြောင့် ကျွန်ုပ်သည် အကြီးဆုံးသော စုံစမ်းနှောက်ယှက်ခြင်းများကို ခံရချိန်၌ပင် ထိုအကြောင်းအရာ၏သေချာမှုကိုငှင်း၊ ပြည့်ဝသောနှစ်သိမ့်မှုကိုငှင်း ရရှိနိုင်မည်ဖြစ်သည်။(ဟေရှာ ၅၃း၁၀၊ မဿဲ ၇း၆၄)

**သခင်ဘုရား၏နေ့ (17)**

45/ သခင်ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းက ကျွန်ုပ်တို့၌ မည်သည့်အကျိုးဖြစ်ပွားစေပါသ နည်း?

ပထမအနေနှင့်၊ ရှင်ပြန်ထမြောက်ခြင်းဖြင့် သူသည်သေခြင်းကိုအောင်နိုင်၏။ ထိုသို့ဖြင့် ကျွန်ုပ်တို့အား သူ၏သေခြင်းဖြင့်ဝယ်ယူပေးသော ဖြောင့်မတ်ခြင်းကို ပါဝင်ဆက်ဆံနိုင်သူများဖြစ် လာစေ၏။ ဒုတိယအနေနှင့်၊ ကျွန်ုပ်တို့သည် သူ၏တန်ခိုးတော်အားဖြင့် အသစ်သောအသက် တာသို့ ထမြောက်ကြ၏။ နောက်ဆုံးအနေနှင့်၊ သခင်ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့၏ မင်္ဂလာရှိသောရှင်ပြန်ထမြောက်ခြင်းအာမခံ ဖြစ်၏။

(၁ကော ၁၅း၁၆၊ ရော ၆း၄၊ ကော ၃း၁၊ ၁ကော ၁၅၊ ရော ၈း၁၁)

**သခင်ဘုရား၏နေ့ (18)**

46/ "ကောင်းကင်သို့တက်ကြွတော်မူ၏"ဆိုသည့်စကားစုကို သင်မည်သို့နားလည်ပါသနည်း?

သခင်ခရစ်တော်သည် တပည့်တော်များမျက်မှောက်၌ ဤကမ္ဘာမှကောင်းကင်သို့ ယူဆောင် ခြင်းကိုခံရ၏။ ထိုအရပ်၌ သေသူနှင့်ရှင်သူများကိုတရားစီရင်ရန် ပြန်လည်ကြွလာချိန်တိုင်အောင် ကျွန်ုပ်တို့အတွက်ရှိနေမည်ဖြစ်၏။

(တမန် ၁း၉၊ မာကု ၁၆း၁၉၊ ဟေဗြဲ ၄း၁၄၊ ရော ၈း၃၄၊ ဧဖက် ၄း၁၀)

47/ သခင်ခရစ်တော်သည် သူကတိထားသည့်အတိုင်း ကျွန်ုပ်တို့နှင့်အတူ ကပ်ကမ္ဘာကုန်ဆုံး သည့်တိုင် ရှိမည်မဟုတ်လား?

သခင်ခရစ်တော်သည် လူသားစစ်စစ်ဖြစ်သလို ဘုရားစင်စစ်လည်းဖြစ်၏။ လူသားဇာတိ အားဖြင့် ဤကမ္ဘာပေါ်တွင်မရှိတော့သော်လည်း၊ ကြီးမြတ်တော်မူခြင်း၊ ကျေးဇူးတော်နှင့်ပြည့်ဝ ခြင်း၊ ဝိညာဉ်ဖြစ်တော်မူခြင်း စသည့်ဘုရားဇာတိအားဖြင့် ကျွန်ုပ်တို့နှင့်အတူ မရှိသည့်အချိန် မရှိ ပါ။ (တမန် ၃း၂၁၊ ယော ၃း၁၃၊ ၁၆း၂၈၊ မဿဲ ၂၈း၂၀)

48? ထိုသို့ လူ့ဇာတိအားဖြင့်မရှိဘဲ၊ ဘုရားဇာတိအားဖြင့်သာရှိသည်ဆိုပါက၊ သခင်ခရစ်တော်၏ ဇာတိနှစ်ခုသည် တခုနှင့်တခု ကွဲပြားနေမည်မဟုတ်ပါလား?

မကွဲပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားဇာတိသည် အကန့်အသတ်မရှိ၊ နေရာတိုင်း၌ရှိ တော်မူသည်ဖြစ်၍၊ သူယူဆောင်သောလူသားဇာတိ၏အကန့်အသတ်များထက်ကျော်လွန်၏။ သို့သော်လည်း ဘုရားဇာတိသည် လူသားဇာတိ၌တည်ရှိတော်မူလျက်တညီတညွတ်တည်းဖြစ်၏။

(တမန် ၇း၄၉၊ မဿဲ ၂၄း၃၀၊ ၂၈း၂၀၊ ယော ၁၆း၂၈၊ ၁၇း၁၁၊ ၃း၁၃)

49/ သခင်ခရစ်တော် ကောင်းကင်သို့တက်ကြွခြင်းမှ ကျွန်ုပ်တို့ မည်သည့်အခွင့်ထူးများရရှိပါသ နည်း?

ပထမအနေနှင့် ကောင်းကင်ဘုံ ခမည်းတော်ရှေ့၌ သူသည် ကျွန်ုပ်တို့၏ရှေ့နေဖြစ်၏။ ု တိယအနေနှင့်၊ ကျွန်ုပ်တို့၏အသွေးအသားသည် ကောင်းကင်ဘုံ၌ရှိသကဲ့သို့ သေချာသောအာမ ခံကို ရရှိ၏။ အဘယ်ကြောင့်ဆိုသော် သူသည် ဦးခေါင်းဖြစ်သကဲ့သို့၊ သူ၏အင်္ဂါများဖြစ်သော ကျွန်ုပ်တို့ကိုလည်း သူ့ထံသို့ယူဆောင်မည်ဖြစ်၏။ တတိယအနေနှင့်၊ သူ၏ဝိညာဉ်တော်ကိုကျွန်ုပ် တို့ထံသို့ အာမခံအဖြစ်စေလွတ်ရာ၊ ဝိညာဉ်တော်ခွန်အားဖြင့် "ဘုရားသခင်၏လက်ျာဖက်၌ထိုင် နေတော်မူသော သခင်ခရစ်တော်ရှိရာအရပ်၊ အထက်အရာများကိုသာ ကျွန်ုပ်တို့ရှာဖွေကြ၏။ ဤလောကအရာများကို မရှာဖွေကြတော့ပါ။" (ဟေဗြဲ ၉း၂၄၊ ၁ယော ၂း၂၊ ရော ၈း၃၄၊ ယော ၁၄း၁၆၊ ၂ယော ၁း၂၂၊ ၂ကော ၅း၅၊ ကော ၃း၁၊ ဖိ ၃း၂၀)

## သခင်ဘုရား၏နေ့ (19)

50/"ဘုရားသခင်၏လက်ျာဖက်၌ထိုင်တော်မူ၏"ဆိုသည်ကိုအဘယ်ကြောင့်ပေါင်းထည့်သနည်း?

အဘယ်ကြောင့်ဆိုသော် ထို့အတွက်ပင် သခင်ခရစ်တော် ကောင်းကင်ဘုံသို့တက်ကြွရခြင်း ဖြစ်၏။ ထိုသို့ဖြင့်သူသည် အသင်းတော်၏ဦးခေါင်းအဖြစ်ထင်ရှားလျှက် သူ့အားဖြင့်ခမည်းတော် သည် အရာခပ်သိမ်းကိုအုပ်စိုးတော်မူမည်ဖြစ်သည်။

(ဧဖက် ၁း၂၀-၂၂၊ ကော ၁း၁၈၊ မဿဲ ၂၈း၁၈၊ ယော ၅း၂၂)

51/ ကျွန်ုပ်တို့၏ဦးခေါင်းဖြစ်သော သခင်ခရစ်တော်၏ဘုန်းတော်ကြောင့် ကျွန်ုပ်တို့မည်သည့် အကျိုးကျေးဇူးကိုရရှိပါသနည်း?

ပထမအနေနှင့်၊ သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကောင်းကင်နှင့်ဆိုင်သော ကျေး ဇူးတော်များကို သူ၏အင်္ဂါများဖြစ်သည့် ကျွန်ုပ်တို့အပေါ်သို့သွန်းလောင်းတော်မူ၏။ ထို့နောက် သူ၏တန်ခိုးတော်ဖြင့် ရန်သူများအားလုံးကိုဆန့်ကျင်လျှက်၊ ကျွန်ုပ်တို့ကိုကာကွယ်၏၊ စောင့်ထိန်းတော်မူ၏။ (ဧဖက် ၄း၈၊ ဆာလံ ၂း၉၊ ယော ၁၀း၂၈)

52/ "သခင်ခရစ်တော်သည် သေသူရှင်သူအပေါင်းတို့ကို တရားစီရင်ရန်ပြန်လာဦးမည်"ဆိုသည် က မည်သို့သောနှစ်သိမ့်မှုမျိုးကို သင်၌ဖြစ်စေသနည်း?

ဝမ်းနည်းစရာများ၊ နှိပ်စက်ညှင်းဆဲခြင်းများထဲမှ၊ ကျွန်ုပ်အတွက်တချိန်က ဘုရားသခင်၏ ခုံရုံး၌ မိမိကိုယ်မိမိယဇ်ပူဇော်လျှက်၊ ကျွန်ုပ်ထံမှ ကျိန်ခြင်းများအားလုံးကို ဖယ်ရှားပစ်သူသည်၊ တရားသူကြီးသဖွယ် ကောင်းကင်မှကြွလာမည်အကြောင်း၊ ဦးခေါင်းကိုမော့ကြည့်ကာ ရှာဖွေမိပါ သည်။ သူသည် ကျွန်ုပ်နှင့်သူ၏ရန်သူများအားလုံးကို ထာဝရပျက်စီးခြင်းသို့ ပို့မည်ဖြစ်သည်။ သို့ သော် ကျွန်ုပ်နှင့်သူရွေးကောက်သောသူများကိုမူ၊ သူ့ထံသို့ပြောင်းလဲစေလျှက် ကောင်းကင်နှင့် ဆိုင်သောဝမ်းမြောက်ခြင်းများနှင့် ဘုန်းတော်သို့ ဝင်စားစေမည်ဖြစ်သည်။

(လုကာ ၂၁း၂၈၊ ရော ၈း၂၃-၂၄၊ ၁သက် ၄း၁၆၊ ၂သက် ၁း၆-၉၊ မဿဲ ၂၅း၄၁၊၄၃)

## သန့်ရှင်းသောဝိညာဉ်တော်အကြောင်း

### သခင်ဘုရား၏နေ့ (20)

53/ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ သင်မည်သည်များကိုယုံကြည်ပါသနည်း?

ပထမအနေနှင့်၊ သူသည် ခမည်းတော်နှင့်၄င်း၊ သားတော်နှင့်၄င်း၊ ညီတူညီမျှ-ထာဝရဖြစ် သော၊ မှန်ကန်တော်မူသော ဘုရားသခင်ဖြစ်၏။ ဒုတိယအနေနှင့်၊ ကျွန်ုပ်အားစစ်မှန်သော ယုံ ကြည်ခြင်းဖြင့် သခင်ခရစ်တော်နှင့်သူ၏အကျိုးကျေးဇူးအားလုံးကို ပါဝင်ဆက်ဆံနိုင်သူဖြစ်စေ ရန်၊ ကျွန်ုပ်ကိုနှစ်သိမ့်ရန်၊ ကျွန်ုပ်နှင့်အတူထာဝရနေထိုင်ရန် သူ့ကို ကျွန်ုပ်ထံ၌ပေးထား၏။

(ကမ္ဘာ ၁း၂၊ ဟေရှာ ၄၈း၁၆၊ ၁ကော ၃း၁၆၊ မဿဲ ၂၈း၁၉၊ ၂ကော ၁း၂၂၊ ဂလာ ၃း၁၄၊ ၁ပေ ၁း၂၊ တမန် ၉း၃၀၊ ယော ၁၄း၁၆၊ ၁ပေ ၄း၁၄)

### သခင်ဘုရား၏နေ့ (21)

54/ သခင်ခရစ်တော်၏ သန့်ရှင်းသောကမ္ဘာလုံးဆိုင်ရာအသင်းတော်နှင့်ပတ်သက်၍ သင်မည် သည်များကိုယုံကြည်ပါသနည်း?

ထာဝရအသက်ကိုရဖို့ရန်လူသားတရပ်လုံးမှနေ၍ ရွေးကောက်ထားသော၊ စစ်မှန်သောယုံ ကြည်ခြင်း၌ သဘောတူညီလျှက်ရှိသောအသင်းတော်ကို ဘုရားသခင်၏သားတော်သည် သူ၏ဝိ ညာဉ်တော်နှင့်နှုတ်ကပတ်တော်အားဖြင့်၊ ကမ္ဘာအစမှအဆုံးတိုင် သူထံသို့ စုစည်း၏၊ ကွယ်ကာ၏၊ စောင့်ရှောက်တော်မူ၏၊ ထိုအသင်းတော်၌ ကျွန်ုပ်သည် အသက်ရှင်သောအသင်းသားတ ယောက်အဖြစ် ထာဝရကာလတိုင်အောင် ရှိနေမည်ဖြစ်သည်။

(ယော ၁၀း၁၁၊ ကမ္ဘာ ၂၆း၄၊ ရော ၉း၂၄၊ ဧဖက် ၁း၁၀၊ ယော ၁၀း၁၆၊ ဟေရှာ ၅၉း၂၁၊ တရား ၁၀း၁၄-၁၅၊ တမန် ၁၃း၄၈၊ ၁ကော ၁း၈-၉၊ ရော ၈း၃၅)

55/ ယုံကြည်သူများ၏မိတ်သဟာယဖွဲ့ခြင်း"ဆိုသည်ကို သင်မည်သို့နားလည်ပါသနည်း?

ပထမအနေနှင့်၊ ယုံကြည်သူတယောက်စီတိုင်းသည် သခင်ခရစ်တော်၏အင်္ဂါများဖြစ်သည့် အတိုင်း ညီတူစွာဖြင့်၊ သူနှင့်သူ၏ကြွယ်ဝခြင်းများ၊ ဆုကျေးဇူးများအားလုံးကို ပါဝင်ဆက်ဆံသူ များဖြစ်ကြ၏။ ဒုတိယအနေနှင့်၊ အယောက်စီတိုင်းသည် မိမိတို့၏ဆုကျေးဇူးများကို အခြားအ သင်းသားများ၏ အကျိုးအမြတ်နှင့်ကယ်တင်ခြင်းအတွက်၊ ရွှောရွှောရှုရှုရက်ရက်ရောရော အသုံး ပြုကြရမည်မှာ မိမိတို့၏တာဝန်ဖြစ်ကြောင်းသိရပါမည်။

(ယော ၁း၃-၄၊ ရော ၈း၃၂၊ ၁ကော ၁၂း၁၃၊ ၁၃း၅၊ ဖိ ၂း၄-၆)

56/ "အပြစ်များအားခွင့်လွှတ်တော်မူခြင်း"ဆိုသည်နှင့်ပတ်သက်၍ သင်မည်သို့ နားလည်ပါသ နည်း?

ဘုရားသခင်သည် သခင်ခရစ်တော်ပြုခဲ့သော ကျေနပ်စေတော်မူခြင်းကြောင့် ကျွန်ုပ်၏တ သက်တာလုံး ဆန့်ကျင်ရုန်းကန်ရမည်ဖြစ်သည့် ကျွန်ုပ်၏ အပြစ်များနှင့်ပျက်ဆီးနေသောဇာတိကို အမှတ်ထားခြင်းမရှိတော့ပါ။ သို့သော် ကျွန်ုပ်သည် ဘုရားသခင်၏တရားခုံရုံးရှေ့၌ မည်သည့်အ ခါမျှ အပြစ်စီရင်ခြင်းမခံရတော့မည့်အကြောင်း၊ ကျေးဇူးကြီးမားစွာနှင့် သခင်ခရစ်တော်၏ဖြောင့် မတ်ခြင်းကို ကျွန်ုပ်အတွက် မှတ်ယူတော်မူလိမ့်မည်ဖြစ်သည်။ (၁ယော ၂း၂၊ ၂ကော ၅း၁၉၊၂၁၊ ယေ ၃၁း၃၄၊ ဆာလံ ၁၀၃း၃-၄၊ ၁၀-၁၁၊ ရော ၈း၁-၃၊ ယော ၃း၁၈)

### သခင်ဘုရား၏နေ့ (22)

57/ "ခန္ဓာကိုယ်ရှင်ပြန်ထမြောက်ခြင်း"ဆိုသည့်စကားစုက မည်သည့်နှစ်သိမ့်မှုကို သင်၌ဖြစ်စေ သနည်း?

ယျှဘဝကုန်ဆုံးသည့်အခါ၌ ကျွန်ုပ်ဝိညာဉ်သာလျှင် ၄င်း၏ဦးခေါင်းဖြစ်သည့်သခင်ခရစ် တော်ထံသို့ ချက်ခြင်းရောက်ရှိမည်မဟုတ်ပါ။ ကျွန်ုပ်ကိုယ်ခန္ဓာသည်လည်း သခင်ခရစ်တော်၏ တန်ခိုးတော်ဖြင့်ထမြောက်လျှက် ကျွန်ုပ်၏ဝိညာဉ်နှင့် ပြန်၍ပေါင်းစည်းလိမ့်ဦးမည်ဖြစ်ပြီး၊ သခင် ခရစ်တော်၏ ဘုန်းတော်နှင့်ပြည့်ဝသောဝိညာဏခန္ဓာကိုယ်သဖွယ် ဖြစ်လာမည်ဖြစ်၏။

(လု ၂၃း၄၃၊ ဖိ ၁း၂၃၊ ၁ကော ၁၅း၅၃၊ ယောဘ ၁၉း၂၅-၂၆)

58/ “ထာဝရအသက်ရှိသည်”ဆိုသည့်စာလုံးမှ မည်သည့်နှစ်သိမ့်မှုကို သင်ရယူပါသနည်း?

ယခုဘဝ၌ပင် ကျွန်ုပ်သည် ထာဝရဝမ်းမြောက်ခြင်းအစကို စိတ်နှလုံး၌ခံစားရလျှက်ရှိ၏။ တ မလွန်ဘဝတွင် ပြည့်စုံသောကယ်တင်ခြင်းကို အမွေရရှိလိမ့်ဦးမည်ဖြစ်သည်။ ၎င်းကို “လူမျက်စိ ဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်မကြံစည်သေး”ဖြစ်၏။ ထိုသို့ဖြင့်ဘုရားသခင်ကို ထာဝရ ဘုန်းတော်ချီးမွမ်းပါမည်။(၂ကော ၅း၂၊၃၊၆၊ ရော ၁၄း၁၇၊ ၁ကော ၂း၉)

## သခင်ဘုရား၏နေ့ (23)

59/ ထိုအရာအားလုံးကိုယုံကြည်ခြင်းက သင့်အား ယခုချိန်၌မည်သည့်အကျိုးရှိစေသနည်း?

ဘုရားသခင်၏ရှေ့တွင် ကျွန်ုပ်သည် သခင်ခရစ်တော်၌ဖြောင့်မတ်သူ၊ ထာဝရအသက်အား အမွေခံသူတယောက်ဖြစ်၏။(ရော ၅း၁၊ ၁း၇၊ ယော ၃း၃၆)

60/ သင်သည် မည်သို့ ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သူဖြစ်လာသနည်း?

သခင်ခရစ်တော်ကို စစ်မှန်သောယုံကြည်ခြင်းဖြင့် ယုံကြည်၍သာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သြတ္တပ္ပစိတ်က ကျွန်ုပ်သည် ဘုရားသခင်၏ပညတ်တော်များကို ဆိုးရွားစွာချိုးဖေါက်သူ၊ တခုကိုမျှ မစောင့်ထိန်းနိုင်သူ၊ ဆိုးညစ်ခြင်းအားလုံးသို့သာ စိတ်တိမ်းညွတ်လျှက်ရှိသေးသူဟု အ ပြစ်တင်နေသော်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်၏ထိုက်တန်မှုဖြင့်မဟုတ်၊ ကျေးဇူးတော်သက် သက်အားဖြင့်၊ သခင်ခရစ်တော်၏ ပြည့်ဝသော သန့်ရှင်းခြင်း၊ ဖြာင့်မတ်ခြင်း၊ ကျေနပ်စေခြင်းများကို ကျွန်ုပ်အဖို့ မှတ်ယူ၏၊ ပေးသနားတော်မူ၏။ ထိုသို့ဖြင့် ကျွန်ုပ်သည် အပြစ်မရှိသူ၊ မည် သည့်အပြစ်ကိုမျှ မကျူးလွန်မိသူကဲ့သို့ဖြစ်လာလျှက်၊ မှန်ပါသည်၊ သခင်ခရစ်တော်က ကျွန်ုပ်အ တွက်ပြည့်ဝစွာဆောင် ရွက်ပြီးသည့် နာခံခြင်းများအားလုံးကို ကျွန်ုပ်ကပင်လုပ်ဆောင်သကဲ့သို့ ဖြစ်လာ၏။ ထိုအရာများအားလုံးကို ကျွန်ုပ်သည် ယုံကြည်သောနှလုံးသားဖြင့်လက်ခံရရှိပါသည်။

(ရော ၃း၂၂၊ ဂလာ ၂း၁၆၊ ဧဖက် ၂း၈-၉၊ ရော ၃း၉၊ ၇း၂၃၊ ၃း၂၄၊ တိတု ၃း၅၊ ဧဖက် ၂း၈-၉၊ ရော ၄း၄-၅၊ ၂ကော ၅း၁၉၊ ရော ၃း၂၄-၂၅၊ ၂ကော ၅း၂၁၊ ရော ၃း၂၈၊ ယော ၃း၁၈)

61/ ယုံကြည်ခြင်းဖြင့်သာ သင်ဖြောင့်မတ်သည်ဟု အဘယ်ကြောင့်ပြောဆိုသနည်း?

ကျွန်ုပ်ယုံကြည်ခြင်း၏ထိုက်တန်မှုကြောင့် ဘုရားသခင်၏လက်ခံထိုက်သူ ဖြစ်လာသည်မဟုတ်။ သခင်ခရစ်တော်၏ ကျေနပ်စေတော်မူခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းတို့ကြောင့်သာ ဖြစ်၏။ ၎င်းသည် ဘုရားသခင်ရှေ့၌ ကျွန်ုပ်၏ဖြောင့်မတ်ရာဖြစ်သည်။ ယုံကြည်ခြင်းနည်းလမ်းမှ လွဲ၍ မည်သည့်နည်းလမ်းနှင့်မျှ ထိုအရာကို ကျွန်ုပ်လက်ခံယူ၍ မရပါ။

(ဆာလံ ၁၆း၂၊ ဧဖက် ၂း၈-၉၊ ၁ကော ၁း၃၀၊ ၂း၂၊ ၁ယော ၅း၁၀)

## သခင်ဘုရား၏နေ့ (24)

62/ အဘယ်ကြောင့် ကျွန်ုပ်တို့၏ကောင်းသောအကျင့်များသည် ဘုရားသခင်ရှေ့၌ ဖြောင့်မတ် နိုင်ရန်အတွက် တစိတ်တပိုင်း(သို့)တခုလုံးအနေဖြင့် မပါဝင်နိုင်ရပါသနည်း?

အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏တရားခုံရုံးရှေ့၌ လက်ခံထိုက်သော ဖြောင့်မတ်ခြင်းမျိုးသည် အလုံးစုံသောပြည့်စုံမှုမျိုးဖြစ်ရပါမည်၊ ထို့အပြင် ဘုရားသခင်၏ပညတ်တော်များအားလုံးနှင့် နေရာတိုင်း၌ကိုက်ညီရပါမည်။ သို့သော် ယခုဘဝ၌ပြုကြသည့် ကျွန်ုပ်တို့၏အကောင်းဆုံးအကျင့်များအားလုံးသည် ပြည့်စုံခြင်းမရှိကြပါ။ အပြစ်များနှင့်စွန်းထင်းလျှက်ရှိ၏။

(ဂလာ ၃း၁၀၊ တရား ၂၇း၂၆၊ ဟေရှာ ၆၄း၆)

63/ အဘယ်သို့နည်း၊ ကျွန်ုပ်တို့၏ကောင်းသောအကျင့်များသည် ထိုက်တန်မှုမရှိဟုဆိုလျှက်နှင့်၊ ၎င်းတို့အတွက် ယျွဘဝ၌၎င်း၊ အနာဂတ်၌၎င်း ဘုရားသခင်က အဘယ်ကြောင့် ဆုလွှ်ပေးပါသ နည်း?

ထိုဆုလွှ်သည် ထိုက်တန်မှုကြောင့်မဟုတ်၊ ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်၏။

(လု ၁၇း၁၀)

64/ ဤသို့သောသွန်သင်မှုမျိုးက လူများကို နမော်နမဲ့ဖြစ်ခြင်း၊ ယုတ်ညံ့ခြင်း ဖြစ်စေမည်မဟုတ် ပါလား?

လုံးဝမဖြစ်စေပါ။ စစ်မှန်သောယုံကြည်ခြင်းဖြင့် သခင်ခရစ်တော်၌စိုက်ပျိုးခြင်းကိုခံရသူ များသည်၊ ကျေးဇူးတင်ရှိခြင်း၏အသီးအပွင့်များကို မထုတ်ဖေါ်ဘဲနေခြင်းမျိုး လုံးဝမဖြစ်နိုင်ပါ။

(မဿဲ ၇း၁၇-၁၈၊ ယော ၁၅း၅)

**ပွဲတော်မင်္ဂလာများအကြောင်း**

**သခင်ဘုရား၏နေ့ (25)**

65/ ကျွန်ုပ်တို့သည် သခင်ခရစ်တော်နှင့်သူ၏အကျိုးကျေးဇူးများကို ယုံကြည်ခြင်းဖြင့်သာ ပါဝင် ဆက်ဆံသူများဖြစ်လာကြရာ၊ ထိုယုံကြည်ခြင်းသည်မည်သည့်နေရာမှထွက်ပေါ်လာခဲ့ပါသနည်း?

သန့်ရှင်းသောဝိညာဉ်တော်ထံမှဖြစ်၏။ သူက ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ယုံကြည်ခြင်းကို ဧဝံဂေလိတရားဟောခြင်းဖြင့်ပြုလုပ်၏။ ပွဲတော်မင်္ဂလာများအသုံးပြုခြင်းဖြင့် ခိုင်မာစေ၏။

(ဧဖက် ၂း၈၊ ၆း၂၃၊ ဖိ ၁း၂၉၊ မဿဲ ၂၈း၁၉၊ ရော ၄း၁၁)

66/ ပွဲတော်မင်္ဂလာများဆိုသည်မှာအဘယ်နည်း?

မြင်ရသော၊ သန့်ရှင်းသော အမှတ်လက္ခဏာများနှင့်တံဆိပ်အမှတ်အသားများ ဖြစ်သည်။ ၎င်းတို့ကိုသုံးခြင်းဖြင့် ဘုရားသခင်က ဧဝံဂေလိတရား၏ကတိတော်ကို ပို၍ပြည့်စုံစွာ အလေးအ နက်ထုတ်ဖေါ်ပြောပြ၏။ အတည်ဖြစ်စေ၏။ ထိုရည်ရွယ်ချက်အတွက် ခန့်ထားခြင်းဖြစ်၏။ ၎င်းကတိတော်မှာ သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်တွင် ပြီးပြည့်စုံစေခဲ့သော တကြိမ်ယဇ်ပူ ဇော်ခြင်းကြောင့် ဘုရားသခင်က ကျွန်ုပ်တို့အား အပြစ်လွှတ်ခြင်းနှင့်ထာဝရအသက်တို့ကို အဖိုးအခမလိုဘဲ ပေးခြင်းဖြစ်သည်။

(ကမ္ဘာ ၁၇း၁၁၊ ရော ၄း၁၁၊ ထွက် ၁၂၊ ဝတ် ၆း၂၅၊ တမန် ၂၂း၁၆၊ ၂း၃၈၊ မဿဲ ၂၆း၂၈)

67/ လက်ဝါးကပ်တိုင်ပေါ်တွင် သခင်ခရစ်တော်ပြုခဲ့သော ယဇ်ပူဇော်ခြင်းသာ ကယ်တင်ခြင်းရ ရှိရန် တခုတည်းသောနည်းလမ်းဖြစ်၏ ဆိုသည့်အချက်သို့ ကျွန်ုပ်တို့၏ယုံကြည်ချက်အား လမ်းညွှန် ဖို့ရန် နှုတ်ကပတ်တော်နှင့်ပွဲတော်မင်္ဂလာများ နှစ်ခုလုံးကို ခွဲခန့်သတ်မှတ်ထားပါသလား?

အမှန်ပင်ဖြစ်၏။ လက်ဝါးကပ်တိုင်ပေါ်တွင် ကျွန်ုပ်တို့အတွက်ပြုတော်မူသော သခင်ခရစ် တော်၏တကြိမ်ယဇ်ပူဇော်ခြင်းအပေါ်၌သာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည်တည်နေကြောင်း သန့်ရှင်းသောဝိညာဉ်တော်က ဧဝံဂေလိတရား၌ ကျွန်ုပ်တို့ကိုသွန်သင်၏။ ပွဲတော်မင်္ဂလာများဖြင့် သေချာစေ၏။ (ရော ၆း၃၊ ဂလာ ၃း၂၇)

68/ သခင်ခရစ်တော်က ပဋိညာဉ်တရားသစ်တွင် ပွဲတော်မင်္ဂလာမည်မျှကို ခန့်ထားပါသနည်း?

နှစ်မျိုးဖြစ်၏။ အမည်အားဖြင့်ဆိုလျှင် သန့်ရှင်းသောဗတ္တိဇံမင်္ဂလာနှင့် သန့်ရှင်းသောညစာ ပွဲတော်မင်္ဂလာတို့ဖြစ်၏။ (၁ကော ၁၀း၂-၄)

**သန့်ရှင်းသောဗတ္တိဇံမင်္ဂလာအကြောင်း**

**သခင်ဘုရား၏နေ့ (26)**

69/ လက်ဝါးကပ်တိုင်ပေါ်ပြုခဲ့သည့် သခင်ခရစ်တော်၏တကြိမ်ယဇ်ပူဇော်ခြင်းသည် သင့်အ တွက် တကယ်ပင်အကျိုးရှိကြောင်း သန့်ရှင်းသောဗတ္တိဇံမင်္ဂလာက သင့်အားမည်သို့ဆုံးမသွန် သင်ပါသနည်း၊ သေချာစေပါသနည်း?

ဤသို့ဖြစ်ပါသည်။ ထိုအပြင်ဖက်နှင့်ဆိုင်သောဆေးကြောခြင်းကို သခင်ခရစ်တော်က ခန့် ထားသည့်အခါ ဤကတိတော်ကိုထပ်၍ပေါင်းထည့်ထား၏။ ၄င်းမှာ ရေဖြင့်ဆေးကြောခံရခြင်းဖြင့် ကျွန်ုပ်ခန္ဓာကိုယ်၏အညစ်အကြေးများ သန့်စင်သွားသကဲ့သို့၊ ကျွန်ုပ်သည် ကျွန်ုပ်၏ဝိညာဉ် အညစ်အကြေးများအားလုံးဖြစ်သည့်၊ အပြစ်များအားလုံးမှနေ၍ သခင်ခရစ်တော်၏အသွေးတော်နှင့် ဝိညာဉ်တော်၏ဆေးကြောခြင်းကို အမှန်ပင်ခံရသည်။

(မဿဲ ၂၈း၁၉၊ တမန် ၂း၃၈၊ မာကု ၁၆း၁၆၊ မဿဲ ၃း၁၁၊ ရော ၆း၅၊ မာကု ၁း၄၊ လု ၃း၃)

70/ သခင်ခရစ်တော်၏အသွေးတော်နှင့်ဝိညာဉ်တော်ဖြင့်ဆေးကြောပေးခြင်းခံရသည်ဆိုသည် မှာ အဘယ်နည်း?

လက်ဝါးကပ်တိုင်ပေါ်တွင် ယဇ်ပူဇော်ခြင်းဖြင့် ကျွန်ုပ်တို့အတွက် သွန်းလောင်းခဲ့သော သ ခင်ခရစ်တော်၏အသွေးတော်ကြောင့် အပြစ်များမှလွတ်ခြင်းအခွင့်ကို အဖိုးအခမလိုဘဲရရှိခြင်း။ထို့အပြင် သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခံရခြင်း၊ သခင်ခရစ်တော်၏အင်္ဂါများဖြစ် လာရန် သန့်ရှင်းစေခြင်း၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အပြစ်တရား၌ ပို၍ပို၍သေဆုံးပြီး၊ သန့်ရှင်းသောအသက်တာနှင့် အပြစ်တင်ခွင့်ကင်းလွတ်သောအသက်တာသို့ ခေါ်ဆောင်ခြင်းကိုခံရ၏ စ သည်တို့ဖြစ်သည်။ (ဟေဗြဲ ၁၂း၂၄၊ ၁ပေ ၁း၂၊ ယော ၁း၃၃၊ ရော ၆း၄၊ ကော ၂း၁၀)

71/ ဗတ္တိဇံမင်္ဂလာရေနှင့် ကျွန်ုပ်တို့ဆေးကြောခြင်းခံကြရသည့်အခါ သူ၏အသွေးတော်နှင့် ဝိ ညာဉ်တော်ဖြင့် အမှန်ပင်ဆေးကြောမည်ဟု သခင်ခရစ်တော်က မည်သည့်နေရာတွင် ကတိပေးထားသနည်း?

ဗတ္တိဇံမင်္ဂလာပြုရမည်ဟုမိန့်တော်မူခဲ့ချိန်ကဖြစ်၏။ ဤသို့ပြောထားပါသည်၊ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ် တော်၏နာမ၌ ဗတ္တိဇံပေးကြလော့၊" "ယုံကြည်၍ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်ကြလတ့်၊ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတ့်။" ထို့အပြင် သမ္မာ ကျမ်းစာက ဗတ္တိဇံမင်္ဂလာဆိုသည်မှာ အသက်တာသစ်သို့ရောက်ရာဆေးကြောခြင်း၊ အပြစ်များကိုဆေးကြောခြင်းဟု ပြောသည့်နေရာတိုင်း၌ ဤကတိတော်ကို ထပ်ခါထပ်ခါဖေါ်ပြပါသည်။

(မဿဲ ၂၈း၁၉၊ မာကု ၁၆း၁၆၊ တိတု ၃း၅၊ တမန် ၂၂း၁၆)

**သခင်ဘုရား၏နေ့ (27)**

72/ ထိုသို့ဆိုလျှင်၊ အပြင်ဖက်၌ပြုသော ဗတ္တိဇံမင်္ဂလာရေသက်သက်က အပြစ်များကိုဆေးကြော ရာနည်းလမ်းဖြစ်ပါသလား?

မဟုတ်ပါ။ သခင်ခရစ်တော်၏အသွေးတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်ကသာ ကျွန်ုပ်တို့ ကို အပြစ်များအားလုံးမှ သန့်စင်စေပါသည်။

(မဿဲ ၃း၁၁၊ ၁ပ ၃း၂၁၊ ၁ယော ၁း၇၊ ၁ကော ၆း၁)

73/ အဘယ်ကြောင့်သန့်ရှင်းသောဝိညာဉ်တော်က ဗတ္တိဇံမင်္ဂလာကို "အသက်တာသစ်သို့ရောက် ရာဆေးကြောခြင်း၊"
"အပြစ်များကိုဆေးကြောခြင်း"ဟုခေါ်ဆိုပါသနည်း?

ဘုရားသခင်က အရေးကြီးလှသောအကြောင်းမရှိဘဲ မပြောပါ။ ဤအချက်ကိုသိရန် ပြော ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ခန္ဓာကိုယ်၏အညစ်အကြေးများသည် ရေနှင့်ဆေးကြောခြင်းဖြင့်စင် ကြယ်သွားသလို၊ ကျွန်ုပ်တို့၏အပြစ်များအားလည်း သခင်ခရစ်တော်၏ဝိညာဉ်တော်နှင့်အသွေးတော်အားဖြင့် ဖယ်ရှားပစ်၏ ဆိုသည်ကိုသာ သင်ပြသည်မဟုတ်ပါ။ အထူးသဖြင့်သင်ပြချင် သည်မှာ ကျွန်ုပ်တို့ခန္ဓာကိုယ်အား ရေဖြင့်ဆေးကြောသည့်အခါ သန့်စင်သွားသကဲ့သို့ ဤဘုရားနှင့်ဆိုင်သည့် အာမခံအမှတ်လက္ခဏာဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ၌လည်း အပြစ်များမှနေ၍ အမှန်တကယ် သန့်စင်သွားသည်ကို ဘုရားသခင်က သေချာစေသည့်အကြောင်းဖြစ်သည်။

(ဗျာ ၁း၅၊ ၁ကော ၆း၁၁၊ မာကု ၁၆း၁၆၊ ဂလာ ၃း၂၇)

74/ ကလေးများကိုလည်း ဗတ္တိဇံပေးရပါမည်လား?

ပေးရပါမည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ပဋိညာဉ်တရားတော်နှင့်အသင်း တော်၌ လူကြီးများသာမကဘဲ ကလေးငယ်များလည်းပါဝင်သောကြောင့်ဖြစ်သည်။ ထို့အပြင် သ ခင်ခရစ်တော်၏အသွေးတော်အားဖြင့်၎င်း၊ ယုံကြည်ခြင်းပြုလုပ်ပေးသူဝိညာဉ်တော်အားဖြင့်၎င်း ရရှိသော အပြစ်မှခွင့်လွှတ်ခြင်းအခွင့်ကို လူကြီးများထံသို့ထက်မလျော့စွာ၊ ကလေးငယ်များထံ၌ လည်းပေးထား၏။ ထို့ကြောင့် ၎င်းတို့ကို ပဋိညာဉ်တရား၏လက္ခဏာအဖြစ် ဗတ္တိဇံပေးရမည်။ အသင်းတော်သို့အပ်နှံရမည်။ မယုံကြည်သူတို့၏ကလေးငယ်များနှင့်ခြားနားစေရမည်။ ထိုသို့ဖြစ် ရန် ပဋိညာဉ်တရားဟောင်း၌ အရေဖျားလှီးခြင်းဖြင့်ပြုလုပ်ခဲ့၏။ ပဋိညာဉ်တရားသစ်၌မူ ဗတ္တိဇံ မင်္ဂလာကို ခန့်ထား၏။ (ကမ္ဘာ ၁၇း၇၊ တမန် ၂း၃၉၊ ၁ကော ၇း၁၄၊ ယောလ ၂း၁၆၊ မဿဲ ၁၉း၁၄၊ လုကာ ၁း၁၄-၁၅၊ ဆာလံ ၂၂း၁၀၊ တမန် ၂း၃၉၊ ၁၀း၄၇၊ ၁ကော ၁၂း၁၃၊ ၇း၁၄၊ ကမ္ဘာ ၁၇း၁၄၊ ကော ၂း၁၁-၁၃)

## သခင်ဘုရား၏နေ့ (28)

75/ သင်သည် သခင်ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်၌ပြည့်စုံစေခဲ့သော တကြိမ်ယဇ်ပူဇော်ခြင်းနှင့်သူ၏အကျိုးကျေးဇူးများအားလုံးကို ပါဝင်ဆက်ဆံသူဖြစ်ကြောင်း သခင်ဘုရား၏ညစာပွဲတော် မင်္ဂလာက မည်သို့သွန်သင်သနည်း?

ဤသို့ဖြစ်၏။ ကျွန်ုပ်နှင့်ယုံကြည်သူအားလုံးကို သခင်ခရစ်တော်က သူ့အားသတိရအောက် မေ့ဖို့ရာ၊ ထိုချိုးဖဲ့ထားသောမုန့်ကိုစားရန်နှင့် ထိုခွက်ကိုသောက်ရန် ဤကတိတော်များကိုထည့် သွင်း၍မိန့်တော်မူခဲ့ပါသည်။ ပထမအနေနှင့် သခင်ဘုရား၏မုန့်ကို ကျွန်ုပ်အတွက်ချိုးဖဲ့ခြင်း၊ ပွဲ တော်ခွက်ကို ကျွန်ုပ်ထံကမ်းပေးခြင်းတို့အား ကျွန်ုပ်မျက်စိနှင့်သေချာစွာမြင်ရသကဲ့သို့ သူ၏ကိုယ် ခန္ဓာကို ကျွန်ုပ်အတွက် လက်ဝါးကပ်တိုင်ပေါ်၌ပူဇော်လျှက်ချိုးဖဲ့၏၊ သူ၏အသွေးကို ကျွန်ုပ်အ တွက်သွန်းလောင်း၏ ဆိုသည်ကိုသေချာစေ၏။ ထို့အပြင် သခင်ဘုရား၏မုန့်နှင့်ခွက်ကို သခင်ခ ရစ်တော်၏ခန္ဓာနှင့်အသွေးတော်၏ သေချာသောလက္ခဏာအနေနှင့် သင်းအုပ်ဆရာ၏လက်မှ လက်ခံလျှက် ကျွန်ုပ်၏နှုတ်ခမ်းနှင့်ထိတွေ့ကြောင်း သေချာသကဲ့သို့ ကျွန်ုပ်၏ဝိညာဉ်ကို သခင်ခ ရစ်တော်က ထာဝရအသက်သို့ ကျွေးမွေးလျှက် ဖွံ့ဖြိုးထွားကြိုင်းစေပါသည်။

(မဿဲ ၂၆း၂၆-၂၈၊ မာကု ၁၄း၂၂-၂၄၊ လုကာ ၂၂း၁၉-၂၀၊ ၁ကော ၁၀း၁၆-၁၇၊ ၁၁း၂၃-၂၅)

76/ ထိုသို့ဆိုလျှင် လက်ဝါးကပ်တိုင်၌အသေခံသောသခင်ခရစ်တော်၏ ကိုယ်ခန္ဓာကိုစားခြင်း၊ သွန်းလောင်းသောအသွေးကိုသောက်ခြင်း ဆိုသည်မှာအဘယ်နည်း?

သခင်ခရစ်တော်၏ဝေဒနာခံခြင်းများနှင့်သေခြင်းတို့ကို ယုံကြည်သောနှလုံးသားဖြင့်လက်ခံ ၍ အပြစ်လွှတ်ခြင်းနှင့်ထာဝရအသက်တို့ကိုရရှိခြင်းမျှသာမကပါ၊ ၎င်းတို့အပြင် သခင်ခရစ်တော် ထံနှင့်ကျွန်ုပ်တို့ထံတွင် ကျိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူ၏သန့်ရှင်း သောခန္ဓာကိုယ်နှင့် ပို၍ပို၍ညီညွတ်လာခြင်းဖြစ်၏။ ထို့ကြောင့် သခင်ခရစ်တော်သည် ကောင်း ကင်ဘုံ၌ရှိလျှက် ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင်ရှိနေလင့်ကစား၊ ကျွန်ုပ်တို့သည် “သူ၏အသွေး နှင့်အသား၊ သူ၏အရိုးစင်စစ်”ဖြစ်လာ၏။ ထိုသို့ဖြင့် ခန္ဓာတခု၏အင်္ဂါများအား ဝိညာဉ်တခုက အုပ်စိုးသကဲ့သို့ ကျွန်ုပ်တို့သည် ဝိညာဉ်တခု၏ထာဝရအုပ်စိုးမှုအောက်တွင် အသက်ရှင်သူများဖြစ်ကြ၏။ (ယော ၆း၃၅၊ ၄၀၊ ၄၇-၄၈၊ ၅၀-၅၄။ ယော ၆း၅၅-၅၆၊ တမန် ၃း၂၁၊ ၁း၉-၁၁၊ ၁ကော ၁၁း၂၆၊ ဧဖက် ၅း၂၉-၃၂၊ ၁ကော ၆း၁၅၊ ၁၇၊ ၁၉၊ ၁ယော ၃း၂၄၊ ယော ၆း၅၆-၅၈၊ ဧဖက် ၄း၁၅-၁၆)

77/ ထိုချိုးဖဲ့ထားသောမုန့်ကိုစား၍၊ ထိုခွက်ကိုသောက်တိုင်း ယုံကြည်သူတို့ကို သူ၏အသားတော်နှင့်အသွေးတော်ဖြင့် သခင်ခရစ်တော်က အမှန်တကယ်ပင်ကျွေးမွေး၊ ဖွံ့ဖြိုးထွားကြိုင်းစေ မည်ဟု မည်သည့်နေရာတွင် ကတိပေးခဲ့ပါသနည်း?

ပွဲတော်မင်္ဂလာကိုခန့်အပ်စဉ်ကဖြစ်၏။ ဤသို့ပြောထားပါသည်၊ “သခင်ယေရှုသည်ရန်သူ လက်သို့အပ်နှံခံသောနေ့ညမှာ မုန့်ကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား သင်တို့အဖို့အလို့ငှာချိုးဖဲ့သော ငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့၊ ငါ့ကိုအောက်မေ့ဖို့ရာ ဤ သို့ပြုကြလော့ဟု မိန့်တော်မူ၏။ ထိုနည်းတူ

ညစာစားပြီးမှ ခွက်ကိုလည်းယူ၍ ဤခွက်ကား ငါ၏ အသွေး၌တည်သောပဋိညာဉ်တရားသစ်ဖြစ်၏။ ဤခွက်ကိုသောက်သောအခါခါ ငါ့ကိုအောက် မေ့ဖို့ရာ သောက်ကြလော့ဟုမိန့်တော်မူ၏။ အကြောင်းမူကား၊ သင်တို့သည် ထိုမုန့်ကိုစား၍ ထို ခွက်ကိုသောက်သောအခါခါ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမှီတိုင်အောင် ပြကြ၏။"

ထိုကတိတော်ကို သန့်ရှင်းသောတမန်တော်ရှင်ပေါလုက ထပ်မံ၍ဖေါ်ပြခဲ့သည်၊ "ငါတို့ သည် ကျေးဇူးတော်ချီးမွမ်းရာမင်္ဂလာခွက်ဖလားမူကား ခရစ်တော်၏အသွေးတော်ကိုဆက်ဆံ ခြင်း မဟုတ်လော။ ငါတို့ဖွဲ့သောမုန့်ကား ခရစ်တော်ကိုဆက်ဆံခြင်းဖြစ်သည်မဟုတ်လော။ မုန့် တလုံးတည်းရှိသည်ဖြစ်၍ ငါတို့ရှိသမျှသည် တလုံးတည်းသောထိုမုန့်ကိုဆက်ဆံလျှက်ခံယူကြ သောကြောင့် အများဖြစ်သောငါတို့သည် တလုံးတကိုယ်တည်းဖြစ်ကြ၏။"

(၁ကော ၁၁း၂၃၊ မဿဲ ၂၆း၂၆၊ မာကု ၁၄း၂၄၊ လုကာ ၂၂း၁၉၊ ထွက် ၂၄း၈၊ ဟေဗြဲ ၉း၂၀၊ ထွက် ၁၃း၉၊ ၁ကော ၁၁း၂၆၊ ၁၀း၁၆-၁၇)

## သခင်ဘုရား၏နေ့ (29)

78/ ဤသို့ဆိုလျှင် ထိုမုန့်နှင့်စပျစ်ရည်တို့သည်၊ သခင်ခရစ်တော်၏ တကယ့်အသွေးနှင့်အသားအဖြစ်သို့ ပြောင်းသွားပါသလား?

လုံးဝမပြောင်းပါ။ ဗတ္တိဇံရေသည် အသွေးအဖြစ်သို့ပြောင်းသွားခြင်းမရှိသလို၊ အပြစ်များကို ဆေးကြောခြင်းလဲမဟုတ်ပါ။ ၄င်းတို့၏အမှတ်လက္ခဏာနှင့် သေချာစေခြင်းအဖြစ်သာ ဘုရားသ ခင်ကခန့်ထားခြင်းဖြစ်သည်။ ထိုနည်းတူ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာ၌သုံးသော မုန့် သည်လည်း၊ သခင်ခရစ်တော်၏တကယ့်ကိုယ်ခန္ဓာအဖြစ်ပြောင်းလဲမသွားပါ။ သို့သော် ပွဲတော် မင်္ဂလာတို့၏ သဘာဝနှင့်၄င်း၊ ပါဝင်သောပစ္စည်းများနှင့်၄င်း ကိုက်ညီစွာဖြင့် သခင်ယေရှုခရစ် တော်၏ ကိုယ်ခန္ဓာဟုခေါ်ရခြင်းဖြစ်၏။

(၁ကော ၁၀း၁-၄၊ ၁ပေ ၃း၂၁၊ ယော ၆း၃၅၊ ၆၂-၆၃၊ ၁ကော ၁၀း၁၆၊ ၁၁း၂၀၊ ကမ္ဘာ ၁၇း၁၀-၁၁၊ ၁၄၊ ထွက် ၁၂း၂၆-၂၇၊ ၄၃၊ ၄၈၊ တမန် ၇း၈၊ မဿဲ ၂၆း၂၆၊ မာကု ၁၄း၂၄)

79/ ထိုသို့ဆိုလျှင် အဘယ်ကြောင့်သခင်ခရစ်တော်က မုန့်ကိုသူ၏ကိုယ်၊ ခွက်ကိုသူ၏အသွေး တော် (သို့) သူ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဟူ၍၄င်း၊ ရှင်ပေါလုက "သခင်ခရစ် တော်၏အသွေးနှင့်အသားကိုဆက်ဆံခြင်း"ဟုခေါ်ရပါသနည်း?

ဤသို့သခင်ခရစ်တော်ပြောသည့်အခါ ကြီးမားသောအကျိုးအကြောင်းမရှိဘဲ ပြောဆိုသည် မဟုတ်ပါ။ အမည်အားဖြင့်ဖေါ်ပြရလျှင် မုန့်နှင့်စပျစ်ရည်က ယျွဘာဝအသက်တာကို ထောက်မ သကဲ့သို့ သူ၏လက်ဝါးကပ်တိုင်၌တင်ခြင်းခံရသော ကိုယ်ခန္ဓာနှင့်သွန်းလောင်းခဲ့သောအသွေးတော်သည် ကျွန်ုပ်တို့၏ဝိညာဉ်များကို ထာဝရအသက်နှင့်ကျွေးမွေးမည့် စစ်မှန်သောအစာဖြစ် သည်။ ထို့အပြင်၊ အထူးသဖြင့်၊ ဤမြင်တွေ့နိုင်သောအမှတ်လက္ခဏာနှင့်အာမခံချက်တို့က ကျွန်ုပ်တို့အားသေချာစေသည်မှာ သူ့အားအောက်မေ့သတိရလျှက် ထိုသန့်ရှင်းသောအမှတ်လက္ခ ဏာများကို ကျွန်ုပ်တို့ခန္ဓာ၏နှုတ်ခမ်းများဖြင့်ထိတွေ့သည့်အခါ ကျွန်ုပ်တို့သည်(သန့်ရှင်းသောဝိ ညာဉ်တော်၏လုပ်ဆောင်မှုအားဖြင့်) သခင်ခရစ်တော်၏ကိုယ်နှင့်အသွေးတော်ကို အမှန်တကယ် ဆက်ဆံရသူများဖြစ်လာကြ၏။ သူ၏ဝေဒနာခံစားခြင်းများနှင့်နာခံလိုက်လျှောက်ခြင်းအားလုံးတို့ သည် အမှန်တကယ်ပင် ကျွန်ုပ်တို့အတွက်ဖြစ်လာ၏။ ကျွန်ုပ်တို့၏အပြစ်များအတွက် ကျွန်ုပ်တို့ ကိုယ်တိုင် ဘုရားသခင်ထံတော်၌ ကျေနပ်စေတော်မူခြင်းကိုပြုလုပ်ကြသကဲ့သို့ဖြစ်၏။

(ယော ၆း၅၁၊ ၅၅-၅၆၊ ၁ကော ၁၀း၁၆-၁၇၊ ၁၁း၂၆-၂၈၊ ဧဖက် ၅း၃၀၊ ရော ၅း၉၊ ၁၈-၁၉၊ ၈း၄)

## သခင်ဘုရား၏နေ့ (30)

80/ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာနှင့်ပုတ်ရဟန်းမင်း၏ မတ်(စ်)ပွဲတော် မည်သို့ကွာခြားသ နည်း?

သခင်ဘုရား၏ပွဲတော်မင်္ဂလာက သခင်ခရစ်တော်ကိုယ်တိုင် လက်ဝါးကပ်တိုင်ပေါ်တွင် တ ကြိမ်ပြည့်စုံစေခဲ့သော ယဇ်ပူဇော်ခြင်းဖြင့်သာ ကျွန်ုပ်တို့သည် အပြစ်များအားလုံးမှ ပြည့်ဝသော လွတ်ခြင်းကိုရရှိကြောင်း၊ ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်မှုဖြင့် သခင်ခ ရစ်တော်ထံ၌ စိုက်ပျိုးခြင်းကိုခံရကြောင်းသက်သေခံပါသည်။ ထိုသခင်သည် လူ့ဇာတိအားဖြင့် ကမ္ဘာပေါ်၌မရှိတော့ပါ။ သို့သော် ကောင်းကင်ဘုံ ခမည်းတော်ဘုရား၏လက်ျာဖက်၌ရှိတော်မူ၏။ ထိုနေရာ၌ ကျွန်ုပ်တို့၏ဝတ်ပြုခြင်းကိုခံဖို့ရန်ရှိနေလိမ့်မည်ဖြစ်၏။ သို့သော် မတ်(စ်)ပွဲတော် ကမူ ဘုန်းတော်ကြီးများအားဖြင့် သခင်ခရစ်တော်သည် နေ့စဉ်နေ့တိုင်း ယဇ်ပူဇော်ခြင်းမရှိပါက၊ သေသူနှင့်ရှင်သူတို့သည် သူ(သခင်ခရစ်တော်)၏ဝေဒနာခံစားခြင်းများကြောင့် အပြစ်များမှခွင့် လွှတ်ခြင်းကို မရရှိကြပါဟု သွန်သင်ပါသည်။ ထို့အပြင် သခင်ခရစ်တော်၏ကိုယ်ခန္ဓာသည် မုန့် နှင့်စပျစ်ရည်ပုံစံဖြင့်ရှိနေသည်၊ ထို့ကြောင့် ၄င်းတို့မှနေ၍ ကိုးကွယ်ခံရ မည်ဟုသွန်သင်ပါသည်။ ထို့ကြောင့် အမှန်တကယ်အားဖြင့် မတ်(စ်)ပွဲတော်သည် သခင်ခရစ်တော်၏တကြိမ်ယဇ်ပူဇော် ခြင်းနှင့်ဝေဒနာခံစားခြင်းကိုငြင်းပယ်သော ကျိန်ခြင်းခံရမည့် ရုပ်တုကိုးကွယ်မှုတမျိုးသာဖြစ်၏။

(ဟေဗြဲ ၇း၂၇၊ ၉း၁၂၊၂၆၊ မဿဲ ၂၆း၂၈၊ လုကာ ၂၂း၁၉-၂၀၊ ၂ကော ၅း၂၁၊ ၁ကော ၆၊ ၁၇၊ ၂း၁၃၊ ဟေဗြဲ ၁း၃၊ ၈း၁၊ ယော ၄း၂၁-၂၃၊ ကော ၃း၁၊ ဖိလိ ၃း၂၀၊ လုကာ ၂၄း၅၂-၅၃၊ တမန် ၇း၅၅၊ ဟေရှာ ၁း၁၁၊၁၄၊ မဿဲ ၁၅း၉၊ ကော ၂း၂၂-၂၃၊ ယေ ၂း၁၃)

81/ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာကို မည်သူတို့အတွက်ခန့်ထားပါသနည်း?

မိမိတို့၏အပြစ်များကိုအမှန်တကယ်နောင်တရသူများ၊ သို့သော် သခင်ခရစ်တော်အတွက် ကြောင့်သာ ထိုအပြစ်တို့မှခွင့်လွှတ်ခံရကြသည်ဟု ယုံကြည်အားကိုးသူများ၊ ထို့အပြင် မိမိတို့၌ ကျန်နေသောအားနည်းခြင်းများကိုလည်း သခင်ခရစ်တော်၏ဝေဒနာခံခြင်း၊ အသေခံခြင်းတို့က ဖုံးအုပ်ပြီးဖြစ်သည်ဟု ယုံကြည်သူများ၊ မိမိတို့၏ယုံကြည်ခြင်းကို ပို၍ပို၍ခွန်အားတိုးစေရန်ထက် သန်သောစိတ်နှင့်ဆန္ဒရှိသူများ၊ ပို၍သန့်ရှင်းသောအသက်တာ၌ အသက်ရှင်လိုသူများ စသည်တို့အတွက်ဖြစ်၏။ သို့သော် ဟန်ဆောင်သူများ၊ ဘုရားသခင်ထံသို့ရိုးသားသောနှလုံးသားဖြင့် ပြန်မလှည့်ကြသူများမှာမူ ထိုမုန့်နှင့်ခွက်ကိုစားသောက်ကြသည့်အခါ အပြစ်စီရင်ခြင်းခံရရန်စားကြခြင်း ဖြစ်၏။ (မဿဲ ၅း၃၊ ၆၊ လုကာ ၇း၃၇-၃၈၊ ၁၅း၁၈-၁၉၊ ဆာလံ ၁၀၃း၃၊ ၁၁၆း၁၂-၁၄၊ ၁ပေ ၂း၁၁-၁၂၊ ၁ကော ၁၀း၂၀၊ ၁၁း၂၈၊ တိတု ၁း၁၆၊ ဆာလံ ၅၀း၁၅-၁၆)

82/ မိမိတို့ကိုယ်ကို မယုံကြည်သူများ၊ ဘုရားတရားမရှိသေသူများဟု ဝန်ခံချက်အားဖြင့်၄င်း၊ အ သက်ရှင်မှုအားဖြင့်၄င်း ကြေညာကြသူများကို ညစာပွဲတော်မင်္ဂလာ၌ ပါဝင်စေရမည်လား?

မပါဝင်စေရပါ။ ပါဝင်စေက ဘုရားသခင်၏ပဋိညာဉ်သည် မထီမဲ့မြင်ပြုခြင်း ခံရမည်ဖြစ် သည်။ ဘုရားသခင်၏ အမျက်ဒေါသသည်လည်း အသင်းတော်တခုလုံးကို ဆန့်ကျင်လျှက် တောက်လောင်မည်ဖြစ်၏။ ထို့ကြောင့် သခင်ခရစ်တော်နှင့်သူ၏တမန်တော်များ၏သတ်မှတ် ချက်အတိုင်း ကောင်းကင်နိုင်ငံ၏သော့များဖြင့်ထိုသို့သောသူများကိုညစာပွဲတော်၌ မပါဝင်စေရန် သည် ခရစ်ယာန်အသင်းတော်၏ တာဝန်ဖြစ်၏။ ၄င်းတို့၏အသက်တာများပြောင်းလဲကြောင်း၊ ပြသလာချိန်ထိအောင် ထိုသို့ပြုရမည်။ (၁ကော ၁၀း၂၁၊ ၁၁း၃၀-၃၁၊ ဟေရှာ ၁း၁၁-၁၃၊ ယေ ၇း၂၁၊ ဆာလံ ၅၀း၁၆၊ ၂၂၊ မဿဲ ၁၈း၁၇-၁၈)

### သခင်ဘုရား၏နေ့ (31)

83/ ကောင်းကင်နိုင်ငံ၏သော့များကားမည်သည်တို့ဖြစ်သနည်း?

သန့်ရှင်းသောဧဝံဂေလိတရားဟောခြင်းနှင့် ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်း (သို့) ခ ရစ်ယာန်အသင်းတော်မှထုတ်ပယ်ခြင်း စသည်တို့ဖြစ်သည်။ ၄င်းတို့အားဖြင့် ကောင်းကင်နိုင်ငံ တော်သည် ယုံကြည်သူတို့ထံသို့ဖွင့်လျှက် မယုံကြည်သူတို့ထံသို့ပိတ်လျှက်ရှိ၏။

(မဿဲ ၁၆း၁၉၊ ယော ၂၀း၂၃၊ မဿဲ ၁၈း၁၅-၁၈)

84/ သန့်ရှင်းသောဧဝံဂေလိတရားဟောခြင်းအားဖြင့် ကောင်းကင်နိုင်ငံသည် မည်ကဲ့သို့ ပိတ် ခြင်း၊ ဖွင့်ခြင်းများ ဖြစ်ပါသနည်း?

ဤသို့ဖြစ်သည်။ သခင်ခရစ်တော်၏မိန့်တော်မူချက်အတိုင်း ဧဝံဂေလိတရားကိုအားလုံး သောယုံကြည်သူအယောက်စီတိုင်းသို့ကြေညာလျှက်၊ လူသိရှင်ကြားသက်သေခံသည့်အခါ ဧဝံဂေ လိတရား၏ကတိတော်များကို စစ်မှန်သောယုံကြည်ချက်ဖြင့်လက်ခံကြ၍ သူတို့၏အပြစ်များကို သခင်ခရစ်တော်၏ထိုက်တန်မှုများကြောင့် ဘုရားသခင်ကတကယ်ပင်ခွင့်လွှတ်တော်မူ၏။ ထိုမှ ဆန့်ကျင်စွာ ဧဝံဂေလိတရားကို မယုံကြည်သူအားလုံးတို့ထံသို့ ကြေညာသက်သေခံသည့်အခါ ရိုးသားသောနောင်တရခြင်းမရှိသဖြင့် ဘုရားသခင်၏အမျက်တော်အောက်နှင့်ထာဝရပျက်စီးခြင်း၌ရှိနေကြ၏။ မပြောင်းလဲသမျှကာလပတ်လုံး ထိုသို့ရှိနေကြပါမည်။ ဧဝံဂေလိတရား၏သက်သေ အားဖြင့် ထိုသူတို့ကို ဘုရားသခင်က ယခုဘဝ၌၄င်း၊ နောင်ဘဝ၌၄င်း တရားစီရင်မည်ဖြစ်၏။

(မဿဲ ၂၈း၁၉၊ ယော ၃း၁၈၊၃၆၊ မာကု ၁၆း၁၆၊ ၂သက် ၁း၇-၉၊ ယော ၂၀း၂၀-၂၃၊ မဿဲ ၁၆း၁၉၊ ရော ၂း၂၊၁၃-၁၇)

85/ ခရစ်ယာန်စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် ကောင်းကင်နိုင်ငံသည် မည်ကဲ့သို့ပိတ်ခြင်း၊ ဖွင့်ခြင်းများ ဖြစ်ပါသနည်း?

ဤသို့ဖြစ်၏။ ခရစ်ယာန်ဟုအမည်ခံသူတချို့တို့သည် ခရစ်ယာန်အယူဝါဒကိုထိန်းသိမ်းမှု၌ ၄င်း၊ (သို့) လက်တွေ့အသက်ရှင်မှု၌၄င်း ရှေ့နောက်မညီဖြစ်တတ်၏။ ထိုအခါ

သူတို့၏အမှားများနှင့်မိုက်မဲသောအသက်တာကို စွန့်ပစ်ရန် ညီရင်းအကိုစိတ်နှင့် အကြိမ်ကြိမ်ဆုံးမနေသော် လည်း မစွန့်လွှတ်ဘဲရှိတတ်၏။ ထိုအကြောင်းအရာကို အသင်းတော်သို့တိုင်ကြားပြီး (သို့) ထိုသူ တို့ကို အသင်းတော်မှစေလွှတ်သူများအားဖြင့် ဆိုဆုံးမသော်လည်း ဆုံးမခြင်းကို အထင်သေးသည့်အခါ၊ သခင်ခရစ်တော်မိန့်တော်မူခဲ့သည့်အတိုင်း၊ ထိုသူတို့ကို ပွဲတော်မင်္ဂလာများအသုံးပြု ခြင်းမှတားမြစ်ရမည်။ ထိုသို့ဖြင့် ထိုသူတို့ကို ခရစ်ယာန်အသင်းတော်မှထုတ်ပယ်ရမည်။ ထိုသို့ ထုတ်ပယ်ခြင်းသည် ဘုရားသခင်ကိုယ်တိုင်က သခင်ခရစ်တော်၏နိုင်ငံတော်မှ ထုတ်ပယ်ခြင်းဖြစ်သည်။ ထိုသူတို့က ပြောင်းလဲပါမည်ဟုကတိပေး၍၊ အသက်တာ၌လည်း တကယ်ပင်ပြောင်းလဲကြောင်းပြသလာချိန်တွင် သခင်ခရစ်တော်နှင့်သူ့အသင်းတော်၏ အသင်းသားအဖြစ်ပြန်လည် ၍ လက်ခံရပါမည်။

(မဿဲ ၁၈း၁၅၊ ၁ကော ၅း၁၁-၁၂၊ မဿဲ ၁၈း၁၅-၁၈၊ ရော ၁၂း၇-၉၊ ၁ကော ၁၂း၂၈၊ ၁တိ ၅း၁၇၊ ၂သက် ၃း၁၄၊ မဿဲ ၁၈း၁၇၊ ၁ကော ၅း၃-၅၊ ၂ကော ၂း၆-၈၊ ၁၀-၁၁၊ လု ၁၅း၁၈)

## တတိယပိုင်း – ကျေးဇူးတင်ရှိခြင်းအကြောင်း

### သခင်ဘုရား၏နေ့ (32)

86/ ကျွန်ုပ်တို့၏ထိုက်တန်မှုများအတွက်မဟုတ်၊ ကျေးဇူးတော်သက်သက်ကြောင့် သခင်ခရစ် တော်အားဖြင့် ကျွန်ုပ်တို့သည် မိမိတို့၏ဆင်းရဲခက်ခဲမှုများမှကယ်တင်ခြင်းခံရသည်ဖြစ်လျှင် အဘယ် ကြောင့် ကောင်းသောအကျင့်များကို ကျင့်ရပါသေးသနည်း?

အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်က ကျွန်ုပ်တို့ကို သူ၏အသွေးတော်ဖြင့် ကယ် တင်ကာ သူ၏သန့်ရှင်းသောဝိညာဉ်တော်ဖြင့်လည်း သူ၏ပုံသဏ္ဌာန်တော်အတိုင်း အသစ်ပြုပြင် တော်မူခဲ့၏။ ထို့ကြောင့် ဘုရားသခင်အား သူ၏ကောင်းချီးမင်္ဂလာများအတွက် ကျွန်ုပ်တို့က ကျေးဇူးတင်ကြောင်းကို အပြုအမူစရိုက်များအားလုံးနှင့်သက်သေခံရမည်ဖြစ်၏။ ထိုသို့ဖြင့် ဘု ရားသခင်သည် ကျွန်ုပ်တို့၏ချီးမွမ်းခြင်းကိုခံတော်မူမည်ဖြစ်၏။ ထို့အပြင် အယောက်စီတိုင်းသည် မိမိတို့၏ ယုံကြည်ခြင်းစစ်မှန်ကြောင်းကို ယုံကြည်ခြင်း၏အသီးအပွင့်များအားဖြင့် သိနိုင်မည်ဖြစ်၏။ ထို့အပြင် ကျွန်ုပ်တို့၏ ဘုရားတရားကိုင်းရှိုင်းသောအမူအကျင့်များအားဖြင့် အခြားသူများကို လည်း သခင်ခရစ်တော်ထံသို့ ပို့ဆောင်နိုင်မည်ဖြစ်၏။

(၁ကော ၆း၁၉-၂၀၊ ရော ၆း၁၂၊ ၁၂း၁-၂၊ ၁ပေ ၂း၅၊ ၉-၁၀၊ မဿဲ ၅း၁၆၊ ၁ပေ ၂း၁၂၊ ၂ပေ ၁း၁၀၊ ဂလာ ၅း၆၊ ၂၄၊ ၁ပေ ၃း၁-၂၊ မဿဲ ၅း၁၆၊ ရော ၁၄း၁၉)

87/ ထိုသို့ဆိုလျှင် ဘုရားသခင်၌ပြောင်းလဲခြင်းမရှိဘဲ၊ မိမိတို့၏ဆိုးညစ်ခြင်းများ၊ ကျေးဇူးမသိ တတ်သောအသက်တာများတွင် ဆက်လက်အသက်ရှင်သူများသည် ကယ်တင်ခြင်းကိုမရနိုင်ဖြစ် ပါသလား?

လုံးဝမရပါ။ သန့်ရှင်းသောသမ္မာကျမ်းစာက မစင်ကြယ်သူများ၊ ရုပ်တုကိုးကွယ်သူများ၊ သူ့ မယားပြစ်မှားသူများ၊ သူခိုးများ၊ လောဘလွန်ကျူးသူများ၊ အရက်သေစာစွဲသူများ၊ သူများမ ကောင်းကြောင်းပြောသူများ၊ လုယက်-ါးပြတိုက်သူများ၊ ထိုသို့သောအပြစ်များကိုကျူးလွန်သူများသည် ဘုရားသခင်၏အမွေကိုမခံရဟုပြောထားပါသည်။

(၁ကော ၆း၉-၁၀၊ ဧဖက် ၅း၅-၆၊ ၁ယော ၃း၁၄-၁၅၊ ဂလာတိ ၅း၂၁)

### သခင်ဘုရား၏နေ့ (33)

88/ လူတဦး၏စစ်မှန်သောပြောင်းလဲခြင်း၌ အပိုင်းမည်မျှပါဝင်သနည်း?

နှစ်ပိုင်းဖြစ်၏။ အသက်တာဟောင်းအားထိန်းချုပ်ခြင်းနှင့် လူသစ်ဖြစ်သောအသက်တာ၌ ရှင်သန်ခြင်း စသည်တို့ဖြစ်၏။ (ရော ၆း၄-၆၊ ဧဖက် ၄း၂၂-၂၃၊ ကော ၃း၅၊ ၁ကော ၅း၇)

89/ အသက်တာဟောင်းအားထိန်းချုပ်ခြင်းဆိုသည်မှာအဘယ်နည်း?

ကျွန်ုပ်တို့၏အပြစ်များက ဘုရားသခင်အားငြိုငြင်သထွက်စေသည်ဟု စိတ်နှလုံးရိုးသားသော ဝမ်းနည်းခြင်း၊ အပြစ်များကိုပို၍ပို၍မုန်းတီးလျှက် ၄င်းတို့မှရှောင်ရှားထွက်ပြေးခြင်းဖြစ်၏

(ဆာလံ ၅၁း၃ ၊ ၈၊ ၁၇၊ လု ၁၅း၁၈၊ ရော ၈း၁၃၊ ယောလ ၁း၁၂-၁၃)

90/ လူသစ်ဖြစ်သောအသက်တာ၌ရှင်သန်ခြင်းဆိုသည်မှာအဘယ်နည်း?

သခင်ယေရှုအားဖြင့် ဘုရားသခင်၌ ရိုးသားသောဝမ်းမြောက်သည့်စိတ်နှလုံးရှိခြင်း၊ ချစ် ခြင်းမေတ္တာနှင့်ကောင်းသောအကျင့်အားလုံး၌ ဘုရားသခင်၏အလိုတော်အတိုင်းအသက်ရှင်ဖို့ ရန်လိုလားခြင်း စသည်တို့ဖြစ်သည်။

(ရော ၅း၁-၂၊ ၁၄း၇၊ ဟေရှာ ၅၇း၁၅၊ ရော ၆း၁၀-၁၁၊ ၁ပေ ၄း၂၊ ဂလာ ၂း၂၀)

91/ ကောင်းမြတ်သောအကျင့်များဆိုသည်မှာအဘယ်နည်း?

ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန် စစ်မှန်သောယုံကြည်ခြင်းမှထွက်ပေါ်လာလျှက်၊ ဘု ရားသခင်၏ပညတ်တော်များအတိုင်းပြုလုပ်သည့် အမူအကျင့်များသာဖြစ်ကြ၏။ ကျွနုပ်တို့စိတ် ကူးများ၌ တွေ့ရသည်များ (သို့) လူသားတို့ပြုလုပ်သောပညတ်ဥပဒေများမဟုတ်ပါ။

(ရော ၁၄း၂၃၊ ၁ရာ ၁၅း၂၂၊ ဧဖက် ၂း၂၊ ၁၀၊ ၁ကော ၁၀း၃၁၊ တရား ၁၂း၃၂၊ ယေဇ ၂၀း၁၈၊ မဿဲ ၁၅း၉)

## သခင်ဘုရား၏နေ့ (34)

92/ ဘုရားသခင်၏ပညတ်တော်ဆိုသည်မှာအဘယ်နည်း?

ထွက်မြောက်ရာကျမ်း(၂၀)နှင့်တရားဟောရာကျမ်း(၅)တို့၌ဘုရားသခင်ကဤစကားလုံးများ အားလုံးကိုပြောထားပါသည်၊- ငါသည် သင့်ကိုကျွန်ခံနေရာအဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ သော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။

1. *ငါမှတပါး အခြားသောဘုရားကိုမကိုးကွယ်နှင့်။*
2. *အထက်မိုးကောင်းကင်၌၎င်း၊ အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း ရှိသောအရာနှင့်ပုံသဏ္ဍာန်တူအောင်၊ ရုပ်တုဆင်းတုကို ကိုယ်အဘို့မလုပ်နှင့်၊ ဦးမချဝတ်မပြု နှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟုယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသောသူတို့၏အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတု ထ္ထအဆက်တိုင်အောင် အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သောဘုရား၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင် ဂရု ဏာကိုပြသောဘုရားဖြစ်၏။*
3. *သင်၏ဘုရားသခင်ထာဝရဘုရား၏နာမတော်ကို မုသာနှင့်ဆိုင်၍မမြွက်မဆိုနှင့်။ အ ကြောင်းမူကား နာမတော်ကို မုသာနှင့်ဆိုင်၍မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘု ရား မှတ်တော်မမူ။*
4. *ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ် မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောကျ်ား မိန်းမ၊ တိရိစ္ဆာန်၊ သင်၏တံခါးအတွင်း၌နေသောဧည့်သည်အာဂန္တုတို့သည် အလုပ်မလုပ်ရ။ အကြောင်းမူကား ထာဝရဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက် တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့် ထာဝရဘုရားသည် သ တ္တမနေ့ကိုကောင်းကြီးပေး၍သန့်ရှင်းစေတော်မူ၏။*
5. *သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌ သင်၏အသက်တာရှည်မည် အကြောင်း၊ သင်၏မိဘကိုရိုသေစွာပြုလော့။*
6. *လူ့အသက်ကိုမသတ်နှင့်။*
7. *သူ့မယားကိုမပြစ်မှားနှင့်။*
8. *သူ့ဥစ္စာကိုမခိုးနှင့်။*
9. *ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌ မမှန်သောသက်သေကိုမခံနှင့်။*
10. *ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချင်သောစိတ်မရှိစေနှင့် ကိုယ်နှင့်စပ်ဆိုင် သောသူ၏မယား၊ သူ၏ကျွန်ယောကျ်ား၊ မိန်းမ၊ နွား၊ မြည်းမှစ၍ ကိုယ်နှင့်စပ်ဆိုင်သောသူ ၏ဥစ္စာတစုံတခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။*

93/ ဤပညတ်တော်များကိုမည်သို့ခွဲထားပါသနည်း?

ကျောက်ပြားနှစ်ပြားဖြင့်ခွဲထား၏။ ပထမပိုင်းက ဘုရားသခင့်ထံ၌ ကျွန်ုပ်တို့မည်သို့ပြုမူရ မည်ကိုသွန်သင်၏။ ဒုတိယပိုင်းက မိမိတို့အိမ်နီးချင်းများထံထားရှိရမည့် ကျွန်ုပ်တို့၏တာဝန်ဝတ္တ ရားများကိုသွန်သင်၏။(ထွက် ၃၄း၂၈-၂၉၊ တရား ၄း၁၃၊ ၁၀း၃-၄)

94/ ပထမပညတ်တော်၌ ဘုရားသခင်က မည်သည်ကိုစေခိုင်းသနည်း?

ကျွန်ုပ်၏ဝိညာဉ်ကယ်တင်ခြင်းရရန် ကျွန်ုပ်သည် ရိုးသားစွာနှင့်ဆန္ဒရှိသည်ဖြစ်၍ ရုပ်တု ဆင်းတုကိုးကွယ်ခြင်းကိုင်း၊ မှော်အတတ်စုန်းအတတ်များကိုင်း၊ ပွေ့ပင်ဟောခြင်းကိုင်း၊ အယူသီးခြင်းများကိုင်း၊ သူတော်စင်များ (သို့) အခြားဖန်ဆင်းခံသတ္တဝါများအား ဆုတောင်းကိုးကွယ်ခြင်းကိုင်း ရှောင်ကြဉ်ပါမည်။ မှန်သောဘုရားသခင်ကိုသာ မှန်ကန်စွာသိရှိရန်သင်ယူပါ မည်။ နှိမ့်ချခြင်းဖြင့် သူ့ကိုသာအားကိုးပါမည်။ သည်းခံခြင်းနှင့် သူ့၏အလိုကိုဝန်ခံပါမည်။ ကောင်းသောအရာများအားလုံးကိုလည်း သူ့ထံတော်မှသာမျှော်လင့်ပါမည်။ ကျွန်ုပ်၏ စိတ်နှလုံးအကြွင်းမဲ့ဖြင့် သူ့ကိုချစ်မြတ်နိုးလျှက်၊ ကြောက်ရွံ့ရိုသေလျှက်၊ ဘုန်းတော်ကိုချီးမွမ်းပါမည်။ ထို့ ကြောင့် ကျွန်ုပ်သည် သူ၏အလိုတော်မှ အနည်းငယ်လေးပင်လွဲမည့်အစား ဖန်ဆင်းခံသတ္တဝါ များအားလုံးကို စွန့်လွှတ်ပါမည်။ (၁ကော ၆း၉-၁၀၊ ၁၀း၇၊၁၄၊ ဝတ် ၁၈း၂၁၊ တရား ၁၈း၁၀-၁၂၊ မဿဲ ၄း၁၀၊ဗျာ ၁၉း၁၀၊ ယော ၁၇း၃၊ ယေ ၁၇း၅၊၇၊ ဟေဗြဲ ၁၀း၃၆၊ ကော ၁း၁၁၊ ရော ၅း၃-၄၊ ဖိ ၂း၁၄၊ ၁ပေ ၅း၅-၆၊ ဆာလံ ၁၀၄း၂၇၊ ဟေရှာ ၄၅း၇၊ ယာကုတ် ၁း၁၇၊ တရား ၆း၅၊ မဿဲ ၁၀း၂၈၊ ၄း၁၀၊ ၅း၂၉-၃၀၊ တမန် ၅း၂၉၊ မဿဲ ၁၀း၃၇၊ ၅း၁၉)

95/ ရုပ်တုဆင်းတုကိုးကွယ်ခြင်းဆိုသည်မှာအဘယ်နည်း?

ရုပ်တုဆင်းတုကိုးကွယ်ခြင်းဆိုသည်မှာ၊- သူ့နှုတ်ကပတ်တော်ထဲတွင် မိမိဘာသာဖော်ပြ သည့် တပါတည်းသော၊ စစ်မှန်သောဘုရားသခင်အစား (သို့) ဘုရားသခင်အပြင် အခြားအရာ တခုခုကိုင်း၊ (သို့) အခြားအရာတခုခုကိုဖန်တီးလျှက်င်း လူသားတို့ကကိုးကွယ်ခြင်းဖြစ်၏။

(၅ရာ ၁၆း၁၂၊ ဖိ ၃း၁၈-၁၉၊ ဂလာ ၄း၈၊ ဧဖက် ၂း၁၂)

**သခင်ဘုရား၏နေ့ (35)**

96/ ဒုတိယပညတ်တော်၌ ဘုရားသခင်က မည်သည်ကိုတောင်းဆိုပါသနည်း?

ကျွန်ုပ်တို့သည် ဘုရားသခင်အား မည်သည့်ပုံတူနှင့်မျှဖော်ပြ၍မရပါ။ သူ၏နှုတ်ကပတ် တော်တွင်မိန့်တော်မူထားသည့်နည်းလမ်းမှလွဲ၍ အခြားမည်သည့်နည်းနှင့်မျှ ကိုးကွယ်ခြင်း မပြု ရပါ။(တရား ၄း၁၅၊ ဟေရှာ ၄၀း၁၈၊ ရော ၁း၂၃၊ တမန် ၁၇း၂၉၊ ၁ရာ ၁၅း၂၃၊ တရား ၁၂း၃၀)

97/ ထိုသို့ဆိုလျှင် ပုံတူရုပ်တုများကို လုံးဝမပြုလုပ်ရဟုဆိုလိုပါသလား?

မည်သို့သောနည်းလမ်းနှင့်မျှ ဘုရားသခင်ကိုဖော်ပြ၍ရနိုင်ကောင်းသည့်အရာ မရှိသလို၊ ဖော်ပြ၍လည်းမရနိုင်ပါ။ သို့သော် ဖန်ဆင်းခံသတ္တဝါများကိုမူ ဖော်ပြနိုင်မည်ဖြစ်၏။ သို့သော် ၄င်းတို့ကို ကိုးကွယ်ရန် (သို့) ၄င်းတို့အားဖြင့် ဘုရားသခင်၏အမှုတော်ဆောင်ရန်ပြုလုပ်ခြင်း (သို့) လက်ဝယ်ပိုင်ဆိုင်ထားရှိခြင်းကို ဘုရားသခင်ကတားမြစ်ပါသည်။ (တရား ၄း၁၅-၁၆၊ ဟေ ၄၆း၅၊ ရော ၁း၂၃၊ ထွက် ၂၃း၂၄၊ ၃၄း၁၃-၁၄၊ တော ၃၃း၅၂၊ တရား ၇း၅)

98/ သို့သော် ပုံတူရုပ်တုများကို သာမန်အသင်းသားများအတွက် စာအုပ်များကဲ့သို့ ဘုရား ကျောင်းများတွင်ထားရှိခြင်းကို သီးခံသင့်သည်မဟုတ်လော?

လက်မခံသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဘုရားသခင်ထက်ပို၍ပညာရှိ သယောင် ဟန်မဆောင်သင့်ပါ။ ဘုရားသခင်သည် ထိုဆွံ့အသောရုပ်တုများဖြင့် မိမိ၏လူများကို သွန်သင်ရန် ဆန္ဒမရှိပါ။ အသက်ရှင်သော သူ၏နှုတ်ကပတ်တော်ကိုဟောပြောခြင်းနှင့်သာ သွန် သင်ရန်အလိုရှိ၏။ (ဟေ ၁၀း၁၊ ဟေဗြဲ ၂း၁၈-၁၉၊ ၂ပေ ၁း၁၉၊ ၂တိ ၃း၁၆၊ ၂ပေ ၁း၁၉)

## သခင်ဘုရား၏နေ့ (36)

99/ တတိယပညတ်တော်၌မည်သည်ကိုတောင်းဆိုပါသနည်း?

ကျွန်ုပ်တို့သည် ကျိန်ဆဲခြင်း(သို့)ကျမ်းကျိန်လိမ်လည်ထွက်ဆိုခြင်း စသည်တို့ဖြင့်သာမကပါ၊ စိတ်လိုက်မာန်ပါကျိန်ဆိုခြင်းမျိုးအားဖြင့်လည်း ဘုရားသခင်၏နာမကို မထီမဲ့မြင်ပြုခြင်း (သို့) အ လွဲသုံးစားလုပ်ခြင်း မပြုရပါ။ ထိုသို့သော ကြောက်မက်ဖွယ်အပြစ်များကို အခြားသူများကပြုနေ ခြင်း၌လည်း တိတ်ဆိတ်စွာနေခြင်း (သို့) မသိကျိုးကျွံပြုခြင်းဖြင့် ပါဝင်သူ မဖြစ်ရပါ။ အတိုချုပ် အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏သန့်ရှင်းသောနာမတော်ကို ကြောက်ရွံ့ခြင်း၊ လေးစားခြင်းမှလွဲ၍ အခြားမည်သည့်နည်းလမ်းနှင့်မျှ မသုံးရပါ။ ထိုသို့ဖြင့်သာ ဘုရားသခင်သည် ကျွန်ုပ် တို့၏ မှန်ကန်စွာဝန်ခံခြင်း၊ ဝတ်ပြုခြင်းတို့ကို ခံယူမည်ဖြစ်၏။ ကျွန်ုပ်တို့၏ စကားလုံးများအားလုံးနှင့် လုပ်ကိုင်ခြင်းအားလုံး၌ ဘုန်းတော်ထင်ရှားမည်ဖြစ်၏။ (ဝတ် ၂၄း၁၀၊ ၁၉း၁၂၊ မဿဲ ၅း၃၇၊ ဝတ် ၅း၄၊ ဟေ ၄၅း၂၃-၂၄၊ မဿဲ ၁၀း၃၂၊ ၁တိ ၂း၈၊ ၁ကော ၃း၁၆-၁၇)

100/ သို့ဆိုလျှင် ကျိန်ဆိုခြင်း၊ ကျိန်ဆဲခြင်းအားဖြင့် ဘုရားသခင်၏နာမတော်ကို မထီမဲ့မြင်ပြု ခြင်းသည် အလွန်ဆိုးညစ်သောအပြစ်ဖြစ်ရကား၊ ထိုအပြစ်ကျူးလွန်သူများကိုဆန့်ကျင်လျှက် ဘု ရားသခင်၏အမျက်တော်မီး တောက်လောင်နေသည်နည်းတူ၊ ထိုအပြစ်မပြုမိရန် ကြိုတင်ကာ ကွယ်မှု မပြုသူများနှင့်မတားမြစ်သူများထံ၌လည်း တောက်လောင်လျှက်ရှိသည်ဆိုသည်မှာ မှန် ကန်ပါသလား?

သံသယဖြစ်စရာမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူ၏နာမကိုမထီမဲ့မြင်ပြုခြင်းအပြစ်ထက် ပို၍ကြီးသော (သို့) ဘုရားသခင်အားစိတ်ဆိုးစေသောအပြစ်မရှိပါ။ ထို့ကြောင့် ဤအပြစ်ကို သေဒဏ်ပေးရမည်ဟု မိန့်တော်မူခြင်းဖြစ်သည်။ (ဝတ် ၅း၁၊ ၂၄း၁၅)

## သခင်ဘုရား၏နေ့ (37)

101/ သို့ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏နာမဖြင့် ရိုသေလေးစားစွာ ကျိန်ဆိုသင့်ပါသ လား?

သင့်ပါသည်။ အုပ်ချုပ်သူတို့က အုပ်ချုပ်ခံသူတို့ထံတောင်းခံလာလျှင် (သို့) ဘုရားသခင်၏ ဘုန်းတော်အတွက် သစ္စာတရားနှင့်အမှန်တရားကိုအတည်ပြုရန် မဖြစ်မနေလိုအပ်လျှင်၊ မိမိအိမ် နီးချင်း၏လုံခြုံမှုအတွက်လိုအပ်လျှင် ကျိန်ဆိုမှုကိုပြုရပါမည်။ ထိုသို့သောကျိန်ဆိုမှုမျိုးကို ဘုရားသခင်၏နှုတ်ကပတ်တော်ထဲတွင်တွေ့ရပါသည်။ ထို့ကြောင့် ဤသို့သောကျိန်ဆိုမှုမျိုးကို သန့်ရှင်းသူတို့က -မှဟောင်းကာလ၌၄င်း၊ -မှသစ်ကာလ၌၄င်း မှန်ကန်စွာနှင့်ကျင့်သုံးခဲ့ကြပါသည်။

(ထွက် ၂၂း၁၀၊ နေဟ ၁၃း၂၅၊ တရား ၆း၁၃၊ ဟေပြဲ ၆း၁၆၊ ကမ္ဘာ ၂၁း၂၄၊ ယောရှု ၉း၁၅၊၁၉၊ ၁ရာ ၂၄း၂၂၊ ၂ကော ၁း၂၃၊ ရော ၁း၉)

102/ ကျွန်ုပ်တို့သည် သူတော်စင်များအားဖြင့်၄င်း (သို့) အခြားဖန်ဆင်းခံများအားဖြင့်၄င်း ကျိန် ဆိုနိုင်ပါမည်လား?

မရပါ။ အဘယ်ကြောင့်ဆိုသော် သမ္မာသမတ်ကျသောကျိန်ဆိုခြင်းသည် ဘုရားသခင်အား စိတ်နှလုံးကို သိသောသူအနေနှင့် အမှန်တရား၏ သက်သေဖြစ်လာရန် ခေါ်ခြင်းဖြစ်သည်။ မှား

ယွင်းစွာကျိန်ဆိုပါက ကျွန်ုပ်အားအပြစ်ပေးမည်ဖြစ်၏။ ထိုသို့သော ရိုသေလေးစားခံရမှုသည် မည်သည့် ဖန်ဆင်းခံသတ္တဝါနှင့်မျှ မထိုက်တန်ပါ။ (၂ကော ၁း၂၃၊ မဿဲ ၅း၃၄-၃၅)

## သခင်ဘုရား၏နေ့ (38)

103/ ဘုရားသခင်က စတုတ္ထပညတ်တော်၌ မည်သည်ကိုတောင်းဆိုပါသနည်း?

ပထမအနေနှင့်၊ ဧဝံဂေလိတရားဟောခြင်းအမှုတော်မြတ်နှင့်ကျောင်းများကို တည်ထောင် ထိန်းသိမ်းရန်ဖြစ်သည်။ အထူးသဖြင့် ကျွန်ုပ်သည် ခရစ်ယာန်တယောက်ဖြစ်လာသည်နှင့်အညီ အနားယူရာဥပုသ်နေ့၌ နှုတ်ကပတ်တော်ကြားနာရန်၊ ပွဲတော်မင်္ဂလာများကိုသုံးဆောင်ရန်၊ သ ခင်ဘုရားအား လူသိရှင်ကြားဝတ်ပြုဆုတောင်းရန်၊ ထို့အပြင် ဆင်းရဲသူများအားကူညီဖို့ အလှူ ငွေထည့်ရန် ဘုရားကျောင်းသို့ ဖွဲ့ရှိစွာ မကြာခဏသွားရမည်။ ဒုတိယအနေနှင့် ကျွန်ုပ်သည် ဘ ဝတလျှောက်လုံး ဆိုးညစ်သောအကျင့်များ ကျူးလွန်ခြင်းမှရပ်စဲလျှက်၊ ကျွန်ုပ်အထဲ၌ရှိသည့် သန့် ရှင်းသောဝိညာဉ်တော်အားဖြင့် မိမိကိုယ်မိမိ ဘုရားသခင်၏အလိုတော်ကို ဝန်ခံရမည်။ ထိုသို့ ဖြင့် ထာဝရဥပုသ်နေ့သည် ယခုဘဝ၌ပင် စတင်မည်ဖြစ်၏။ (တရား ၁၂း၁၉၊ တိ ၁း၅၊ ၁တိ ၃း၁၄-၁၅၊ ၁ကော ၉း၁၁၊ ၂တိ ၂း၂၊ ၁တိ ၃း၁၅၊ ဝတ် ၂း၃၊ တမန် ၂း၄၂၊၄၆၊ ၁ကော ၁၄း၁၉၊၂၉၊၃၁၊ ၁ကော ၁၁း၃၃၊ ၁တိ ၂း၁၊ ၁ကော ၁၆း၂၊ ဟေ ၆၆း၂၃)

## **သခင်ဘုရား၏နေ့ (39)**

104/ ဘုရားသခင်က ပဥ္စမပညတ်တော်၌ မည်သည်ကိုတောင်းဆိုသနည်း?

ကျွန်ုပ်သည် မိမိ၏ဖခင်၊ မိခင်နှင့်အုပ်ချုပ်သူများထံ အားလုံးသောရိုသေလေးစားခြင်း၊ ချစ် ခြင်း၊ သစ္စာရှိခြင်းတို့ကို ပြရမည်။ ၎င်းတို့၏ ကောင်းမြတ်သော ဆုံးမလမ်းညွှန်မှုများ၊ အမှားပြင် ပေးခြင်းများသို့ မိမိကိုယ်ကို xdkufwefaomemcHjcif:နှင့်အပ်နှံရမည်။ ထို့အပြင် ကျွန်ုပ်တို့အား သူတို့က အုပ်ချုပ်ခြင်းကို ဘုရားသခင်မှ အလိုတော်ရှိသည်နှင့်အညီ သူတို့၏အားနည်းချက်များ၊ ချို့ယွင်းချက်များကိုလည်း သီးခံရပါမည်။ (ဧဖက် ၆း၁-၂၊ ကော ၃း၁၈၊၂၀၊ ဧဖက် ၅း၂၂၊ ရော ၁း၃၀၊ သုတ္တံ ၂၃း၂၂၊ ဧဖက် ၆း၅-၆၊ ကော ၃း၁၉၊၂၁၊ ရော ၁၃း၁-၈၊ မဿဲ ၂၂း၂၁)

## **သခင်ဘုရား၏နေ့ (40)**

105/ ဘုရားသခင်က ဆဋ္ဌမပညတ်တော်၌ မည်သည်ကို တောင်းဆိုပါသနည်း?

စိတ်နှလုံးဖြင့်ဖြစ်စေ၊ စကားဖြင့်ဖြစ်စေ၊ ကိုယ်အမူရာဖြင့်ဖြစ်စေ ကျွန်ုပ်သည် မိမိ၏အိမ်နီး ချင်းကို မရိုမသေပြုခြင်း၊ မုန်းတီးခြင်း၊ နာကျင်စေခြင်းတို့ကို မပြုလုပ်ရပါ။ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမျိုး ပို၍မဖြစ်နိုင်ပါ။ မိမိအိမ်နီးချင်းကို ကျွန်ုပ်ကိုယ်တိုင် (သို့) သူတပါးအားဖြင့် မ သတ်ရပါ။ လက်စားချေချင်သော စိတ်အားလုံးကိုလည်း ပစ်ပယ်ထားရပါမည်။ မိမိကိုယ်ကို လည်း နာကျင်စေရန် မပြုလုပ်ရပါ။ အန္တရယ်ကြီးမားသည့်နေရာများတွင်လဲ တမင်သက်သက် မ နေရပါ။ လူသတ်မှုကို ကာကွယ်ရန်အတွက် အစိုးရမင်းများကို -ါးလက်နက်ကိုင်ဆောင်ခွင့် ပေးထား၏။ (မဿဲ ၅း၂၁-၂၂၊ သုတ္တံ ၁၂း၁၈၊ မဿဲ ၂၆း၅၂၊ ဧဖက် ၄း၂၆၊ ရော ၁၂း၁၉၊ မဿဲ ၅း၃၉-၄၀၊ ၄း၅-၇၊ ကော ၂း၂၃၊ ကမ္ဘာ ၉း၆၊ မဿဲ ၂၆း၅၂)

106/ သို့သော် ဤပညတ်က လူသတ်ခြင်းကိုသာပြောနေဟန်ရှိသည်မဟုတ်လော?

လူသတ်ခြင်းကိုတားမြစ်စဉ်၌ ဘုရားသခင်က သူသည်ထိုအမှုကိုဖြစ်စေသောအကြောင်း အရင်းများဖြစ်သည့် မနာလိုခြင်း၊ မုန်းတီးခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ လက်စားချေလိုစိတ်ရှိ ခြင်းတို့ကိုလည်း ရွံရှာမုန်းတီးကြောင်း၊ ထိုအရာတို့ကိုလည်း လူသတ်ခြင်းအဖြစ်မှတ်ယူကြောင်း ကျွန်ုပ်တို့ကို သွန်သင်ပါသည်။ (ယာ ၁း၂၀၊ ဂလာ ၅း၂၀၊ ရော ၁း၂၉၊ ၁ယော ၂း၉၊ ၃း၁၅)

107/ အထက်ဖေါ်ပြပါနည်းလမ်းများအတိုင်း မည်သူ့ကိုမျှမသတ်ခြင်းက လုံလောက်ပြီလော?

မလုံလောက်ပါ။ ဘုရားသခင်က မနာလိုခြင်း၊ မုန်းတီးခြင်း၊ အမျက်ဒေါသထွက်ခြင်းတို့ကို တားမြစ်သည့်အခါ၊ ကျွန်ုပ်တို့သည် မိမိ၏အိမ်နီးချင်းအား မိမိကိုယ်ကိုချစ်သကဲ့သို့ချစ်မြတ်နိုးရန် နှင့် မိမိအိမ်နီးချင်းထံ သီးခံခြင်း၊ ငြိမ်သက်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ဂရုဏာနှင့်အားလုံးသော ကြင်နာခြင်းများကိုပြသရန် ဘုရားသခင်ကမိန့်တော်မူ၏။ ထို့အပြင် ကျွန်ုပ်တို့ တတ်စွမ်းနိုင်သမျှ မိမိအိမ်နီးချင်းကို ထိခိုက်ခြင်းမှ ကာကွယ်ပေးရမည်။ ကျွန်ုပ်တို့၏ရန်သူထံ၌ပင် ကောင်းမြတ် ခြင်းကို ပြုလုပ်ရပါမည်။ (မဿဲ ၂၂း၃၉၊ ၇း၁၂၊ ရော ၁၂း၁၀၊ ဧဖက် ၄း၂၊ ဂလာ ၆း၁-၂၊ မဿဲ ၅း၅၊ ရော ၁၂း၁၈၊ ထွက် ၂၃း၅၊ မဿဲ ၅း၄၅၊ ရော ၁၂း၂၀)

## **သခင်ဘုရား၏နေ့ (41)**

108/ သတ္တမပညတ်တော်က ကျွန်ုပ်တို့အား မည်သည်ကိုတောင်းဆိုပါသနည်း?

မသန့်ရှင်းသောအရာများအားလုံးသည် ဘုရားသခင်၏ကျိန်ခြင်းကိုခံရ၏။ ထို့ကြောင့် ၎င်းတို့ကို ကျွန်ုပ်တို့က မိမိတို့၏စိတ်နှလုံးအကြွင်းမဲ့ဖြင့် ရွံရှာမုန်းတီးရမည်။ သန့်ရှင်းသောအိမ် ထောင်ပြုခြင်း၌၎င်း၊ လူလွတ်အဖြစ်နှင့်၎င်း၊ စင်ကြယ်စွာ စောင့်ထိန်းဆင်ခြင်စွာ အသက်ရှင်ရ မည်။ (ဝတ် ၁၈း၂၇၊ တရား ၂၉း၂၀-၂၃၊ ၁သက် ၄း၃-၄၊ ဟေဗြဲ ၁၃း၄၊ ၁ကော ၇း၄-၉)

109/ ဤပညတ်တော်တွင် ဘုရားသခင်က သူ့မယားကိုပြစ်မှားခြင်းနှင့် ၎င်းကဲ့သို့ ကြီးမားသည့် အပြစ်များကိုသာ တားမြစ်ပါသလား?

ကျွန်ုပ်တို့၏ ခန္ဓာနှင့်ဝိညာဉ်နှစ်ခုလုံးသည်သန့်ရှင်းသောဝိညာဉ်တော်၏ဗိမ္မာန်တော်များဖြစ် ကြသဖြင့်၊ ၎င်းတို့ကို စင်ကြယ်ခြင်း၊ သန့်ရှင်းခြင်းတို့၌ စောင့်ရှောက်ထိန်းသိမ်းရန် ဘုရားသခင် ကမိန့်တော်မူ၏။ ထို့ကြောင့် ဘုရားသခင်က မစင်ကြယ်သည့်အပြုအမူများ၊ ကိုယ်ဟန်လက်ဟန် များ၊ စကားလုံးများ၊

အတွေးများ၊ အလိုဆန္ဒများနှင့်၊ ထိုသို့ဖြစ်ရန် လူသားတို့ကို မြူဆွယ်သည့် အရာများကို တားမြစ်၏။

(ဇဖက် ၅း၃၊ ၁ကော ၆း၁၈၊ မဿဲ ၅း၂၈၊ ဇဖက် ၅း၁၈၊ ၁ကော ၁၅း၃၃)

**သခင်ဘုရား၏နေ့ (42)**

110/ အဋ္ဌမပညတ်တော်၌ ဘုရားသခင်က မည်သည်ကိုတားမြစ်ပါသနည်း?

ဘုရားသခင်က တရားသူကြီးများကပင်အပြစ်ပေးသော ခိုးဝှက်ခြင်း၊ -ါးပြတိုက်ခြင်းတို့ကို သာ တားမြစ်သည်မဟုတ်ပါ။ ခိုးဝှက်ခြင်းခေါင်းစဉ်အောက်တွင်ပါဝင်သည့် ဆိုးညစ်သောလိမ် ညာလှည့်စားမှုများ၊ အကြံအစည်များအားလုံးကိုတားမြစ်သည်။ ၎င်းတို့ကို မိမိအိမ်နီးချင်း ပိုင် ဆိုင်သည့် ပစ္စည်းများအားရယူရန် ကျွန်ုပ်တို့ကပြုလုပ်တတ်ကြသည်။ ၎င်းအမှုကို အတင်းအ-မ္မ သော်၎င်း၊ အမှန်တရားဖြင့်ပြုလုပ်သည့်ပုံစံဖြင့်သော်၎င်း ပြုလုပ်ခြင်း၊ မမှန်ကန်သည့် အလေးချိန်၊ တင်းတောင်းအတိုင်းအတာများကို အသုံးပြုခြင်း၊ မရိုးသားသည့်ကုန်သွယ်မှုများပြုလုပ်ခြင်း၊ ဂိုးပြားအတုသုံးစွဲခြင်း၊ ငွေတိုးချေးခြင်းများကိုလည်း တားမြစ်ပါသည်။ ၎င်းအပြင် အားလုံးသောလောဘစိတ်များနှင့် ဘုရားသခင်ပေးသောဆုကျေးဇူးများကို အလွဲသုံးစားလုပ်ခြင်းများ၊ ဖြုန်းတီးခြင်းများကိုလည်း တားမြစ်၏။ (၁ကော ၆း၁၀၊ ၅း၁၀၊ လု ၃း၄၃၊ ၁သက် ၄း၆၊ သုတ္တံ ၁၀း၁၊ ယေဇ ၄၅း၉-၁၁၊ တရား ၂၅း၁၃၊ ဆာလံ ၁၅း၅၊ လု ၆း၃၅၊ ၁ကော ၆း၁၀)

111/ ဤပညတ်တော်၌ ဘုရားသခင်က မည်သည်ကိုတောင်းဆိုပါသနည်း?

ကျွန်ုပ်သည် မိမိအိမ်နီးချင်းရနိုင်သည့်အခွင့်အရေးကို မိမိတတ်နိုင်သလောက်အခြေအနေ အားလုံး၌ မြင့်တင်ပေးလျှက်၊ မိမထံ၌ သူတပါးကဆက်ဆံစေလိုသည့်နည်းတူ၊ သူ့ကိုလည်းဆက် ဆံရပါမည်။ ထို့အပြင် အကူအညီလိုအပ်သူများကိုကူညီနိုင်မည်အကြောင်း ကျွန်ုပ်သည်သစ္စာရှိ စွာဖြင့် အလုပ်ကိုကြိုးစားလုပ်ကိုင်ပါမည် စသည်တို့ကိုတောင်းဆိုပါသည်။

(မဿဲ ၇း၁၂၊ သုတ္တံ ၅း၁၆၊ ဇဖက် ၄း၂၈)

**သခင်ဘုရား၏နေ့ (43)**

112/ နဝမပညတ်၌မည်သည်ကိုတောင်းဆိုပါသနည်း?

ကျွန်ုပ်သည် မည်သူ့ကိုမျှဆန့်ကျင်လျှက် မမှန်သောသက်သေမခံပါ။ တစုံတဦး၏စကား လုံးများကိုလည်း မှားယွင်းစွာမဖော်ပြရပါ။ ကျွန်ုပ်သည် သူတပါးနောက်ကွယ်၌ အတင်းပြောသူ၊ မကောင်းပြောသူ မဖြစ်ရပါ။ ကျွန်ုပ်သည် တစုံတဦးအား အလောတကြီးတရားစီရင်သူ (သို့) သေချာစွာကြားနာခြင်းမရှိဘဲ တရားစီရင်သူမဖြစ်ရပါ။ ထိုသို့စီရင်ရာ၌လည်းပါဝင်သူ မဖြစ်ရပါ။ ထို့ကြောင့် ကျွန်ုပ်သည် အားလုံးသော လိမ်လည်ခြင်းများ၊ လှည့်ဖြားခြင်းများကို နတ်ဆိုး၏အ လုပ်များဟု သိမှတ်လျှက် ရှောင်ကြဉ်ရပါမည်။ ထိုသို့မရှောင်ပါက ဘုရားသခင်၏ကြီးလေးသော အမျက်တော်သည် ကျွန်ုပ်အပေါ်ကျရောက်မည်ဖြစ်သည်။ ထိုနည်းတူစွာ တရားစီရင်ရာ၌၎င်း၊ အခြား ဆက်ဆံမှုများ၌၎င်း ကျွန်ုပ်သည် အမှန်တရားကိုချစ်မြတ်နိုးရမည်။ အမှန်တရားကို ရိုးဖြောင့်စွာ ပြောဆိုရမည်။ အမှန်တရားကိုဝန်ခံရမည်။ ထို့အပြင် ကျွန်ုပ်သည် မိမိအိမ်နီးချင်း၏ ဂုဏ်သိက္ခာနှင့် ကောင်းသောအကျင့်စာရိတ္တကို မိမိတတ်နိုင်သမျှ အတိုင်းအတာထိ ကာကွယ် လျှက်၊ မြင့်တင်ပေးရမည်။ (သုတ္တံ ၁၉း၅၊၉၊ ၂၁း၂၈၊ ဆာလံ ၁၅း၃၊ ရော ၁း၂၉-၃၀၊ မဿဲ ၇း၁၊ လုကာ ၆း၃၇၊ ဝတ် ၁၉း၁၀၊ သုတ္တံ ၁၂း၂၂၊ ၁၃း၅၊ ၁ကော ၁၃း၆၊ ဇဖက် ၄း၂၅၊ ၁ပေ ၄း၈)

**သခင်ဘုရား၏နေ့ (44)**

113/ သမပညတ်တော်က ကျွန်ုပ်တို့ထံမှ မည်သည်ကိုတောင်းဆိုပါသနည်း?

ဘုရားသခင်၏မည်သည့်ပညတ်နှင့်မဆို ဆန့်ကျင်နေသည့် အသေးငယ်ဆုံးသောတိမ်းညွှတ်မှုဖြစ်စေ၊ အတွေးဖြစ်စေ၊ ကျွန်ုပ်တို့၏စိတ်နှလုံး၌ မဖြစ်ပေါ်စေရပါ။ ကျွန်ုပ်တို့သည် အစဉ် အမြဲ အပြစ်တရားကိုစိတ်နှလုံးအကြွင်းနှင့်မုန်းတီးရမည်။ အားလုံးသောဖြောင့်မှန်ခြင်းများကိုနှစ် သက်ရပါမည်။(ရော ၇း၇. . . . . . . )

114/ ဘုရားသခင်၌ ပြောင်းလဲသူများ ဤပညတ်များကို ပြည့်စုံစွာ လိုက်လျှောက်နိုင်ကြပါသ လား?

မလိုက်လျှောက်နိုင်ပါ။ အသန့်ရှင်းဆုံးပုဂ္ဂိုလ်များသည်ပင်လျှင်၊ ယျွဘဝ၌အသက်ရှင်နေစဉ် နာခံလိုက်လျှောက်ခြင်း၏ သေးငယ်သောအစပျိုးခြင်းကိုသာ ရရှိကြ၏။ သို့သော် သူတို့သည်ဟန် ဆောင်မှုမရှိသောသန္နိဋ္ဌာန်ဖြင့် ဘုရားသခင်၏ အချို့သောပညတ်များအတိုင်းသာမဟုတ်၊ အားလုံးသောပညတ်တော်များအတိုင်း စတင်၍အသက်ရှင်ကြ၏။

(ရော ၇း၁၄၊ ၇း၂၂၊၁၅၊ ယာကုတ် ၃း၂)

115/ မည်သူမျှစောင့်ထိန်းနိုင်ခြင်းမရှိသော်လည်း ဘုရားသခင်က အဘယ်ကြောင့်ပညတ်တော် (၁၀)ပါးကို တိကျပြတ်သားစွာ ဟောပြောသွန်သင်ရန် အလိုရှိရသနည်း?

ပထမအနေနှင့်၊ ကျွန်ုပ်တို့သည် မိမိတို့၏အပြစ်များသောဇာတိအကြောင်းကို ပို၍ပို၍ သိ မြင်လာလာဖို့ သင်ယူနိုင်ရန်ဖြစ်ပြီး၊ ထိုသို့သိလာခြင်းဖြင့် အပြစ်မှခွင့်လွှတ်ခြင်းနှင့်၊ ဖြောင့်မတ် ခြင်းတရားတို့ကို သခင်ခရစ်တော်ထံ၌ ပို၍စိတ်အားထက်သန်စွာ ရှာဖွေမည်ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ သန့်ရှင်းသောဝိညာဉ်တော်၏ကျေးဇူးတော်ကို ပေးသနားရန် အ စဉ်အမြဲဆုတောင်းမည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် ပို၍ ပို၍ ကိုက်ညီလာမည်ဖြစ်၏။ ထိုသို့အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့အတွက်ရည်မှန်းထားသော ပြည့်စုံခြင်းသို့ရောက်မည့် တမလွန်ဘဝတိုင်ဖြစ်၏။

(၁ယော ၁း၉၊ ရော ၃း၂၀၊ ၅း၁၃၊ ၇း၇၊၂၄၊ ၁ကော ၉း၂၄၊ ဖိလိ ၃း၁၂-၁၄)

## ဆုတောင်းခြင်း

## သခင်ဘုရား၏နေ့ (45)

116/ ဆုတောင်းခြင်းသည် ခရစ်ယာန်တို့အတွက် အဘယ်ကြောင့်မရှိမဖြစ် ဖြစ်ရသနည်း?

အဘယ့်ကြောင့်ဆိုသော် ဆုတောင်းခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့ထံ၌တောင်းဆို သည့်ကျေးဇူးသိတတ်ခြင်းကိုဖေါ်ပြရာ အဓိကအပိုင်းဖြစ်သည်။ ထို့အပြင် ဘုရားသခင်က သူ့ထံ ၌ ကျေးဇူးတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို ရိုးသားသည့်လိုအင်ဆန္ဒနှင့် အမြဲတောင်းလျှောက်သူ၊ ကျေးဇူးတင်တတ်သူများကိုသာ ပေးသနားမည်ဖြစ်၏။

(ဆာလံ ၅၀း၁၄-၁၅၊ မဿဲ ၇း၇-၈၊ လု ၁၁း၉၊၁၃၊ မဿဲ ၁၃း၁၂၊ ဆာလံ ၅၀း၁၅)

117/ ဘုရားသခင်လက်ခံနိုင်သော၊ နားညောင်းနိုင်သော ဆုတောင်းခြင်း၌ မည်သည်တို့ပါဝင် သနည်း?

ပထမအနေနှင့်၊ ကျွန်ုပ်တို့သည် နှလုံးသားမှနေ၍ မိမိ၏နှုတ်ကပတ်တော်တွင် မိမိဘာ သာဖေါ်ပြတော်မူသော၊ တပါးတည်းသာရှိသော၊ မှန်ကန်သောဘုရားသခင်ထံ၌၊ သူကိုယ်တိုင်မှာ ထားတော်မူသည့်အတိုင်း အရာခပ်သိမ်းအတွက် တောင်းလျှောက်ရမည်။ ုတိယအနေနှင့်၊ ကျွန်ုပ်တို့သည် မိမိတို့၏ကွဲဆင်းရဲခြင်းနှင့်လိုအပ်ခြင်းတို့ကို မှန်ကန်စွာ၊ ပြည့်စုံစွာသိနားလည် လျှက် ဘုရားသခင်၏ ဘုန်းတော်ရှေ့မှောက်တွင် နက်ရှိုင်းစွာနှိမ့်ချရမည်။ တတိယအနေနှင့်၊ကျွန်ုပ်တို့၌ ထိုက်တန်မှုမရှိသော်လည်း ကျွန်ုပ်တို့၏အရှင် သခင်ခရစ်တော်အတွက်ကြောင့် သူ၏နှုတ်ကပတ်တော်တွင်ကတိပေးထားသည်အတိုင်း၊ ကျွန်ုပ်တို့၏ဆုတောင်းခြင်းအားနားညောင်း တော်မူမည်ကို ပြည့်ဝစွာသဘောပေါက်ရမည်။

(ယော ၄း၂၂-၂၃၊ ရော ၈း၂၆၊ ၁ယော ၅း၁၄၊ ယော ၄း၂၃-၂၄၊ ဆာလံ ၁၄၅း၁၈၊ ၆ရာ ၂၀း၁၂၊ ဆာလံ ၂း၁၁၊ ၃၄း၁၈-၁၉၊ ဟေ ၆၆း၂၊ ရော ၁၀း၁၃၊ ၈း၁၅-၁၆၊ ယာကုပ် ၁း၆၊ ယော ၁၄း၁၃၊ ံယေလ ၉း၁၇-၁၈၊ မဿဲ ၇း၈၊ ဆာလံ ၁၄၃း၁)

118/ ကျွန်ုပ်တို့အား ဘုရားသခင်က သူ့ထံ၌မည်သည်ကိုတောင်းဆိုရန် မိန့်တော်မူသနည်း?

ခန္ဓာနှင့်ဝိညာဉ်အတွက် လိုအပ်သမျှအရာအတိုင်းဖြစ်သည်။ ၄င်းကို ကျွန်ုပ်တို့၏အရှင် သ ခင်ခရစ်တော်က သူကိုယ်တိုင်သင်ပြခဲ့သော ဆုတောင်းခြင်း၌အကျဉ်းချုပ်၍ ဖေါ်ပြခဲ့၏။

(ယာကုပ် ၁း၁၇၊ မဿဲ ၆း၉-၁၀၊ လု ၁၁း၂)

119/ ထိုဆုတောင်းခြင်း၌ပါဝင်သောစကားလုံးများကားအဘယ်သို့နည်း?

***ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့၏အဘ၊ ကိုယ်တော်၏နာမတော်အား ရိုသေ လေးမြတ်ခြင်းရှိပါစေသော၊ နိုင်ငံတော်တည်ထောင်ပါစေသော၊ အသက်မွေးလောက်သောအစာ ကို အကျွန်ုပ်တို့အား ယနေ့ပေးသနားတော်မူပါ၊ သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသောအ ပြစ်များကို အကျွန်ုပ်တို့သည်လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကိုလွှတ်တော်မူပါ၊ အပြစ် သွေးဆောင်ရာသို့မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်း ကယ်နှုတ်တော်မူပါ၊ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်တော်သည်ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏။ အာမင်။***

### သခင်ဘုရား၏နေ့ (46)

120/ သခင်ခရစ်တော်က အဘယ်ကြောင့်ဘုရားသခင်ကို ***"ကျွန်ုပ်တို့၏အဘ"***ဟုခေါ်ခိုင်းသ နည်း?

ကျွန်ုပ်တို့ဆုတောင်းခြင်းစသည်နှင့်တပြိုင်နက် ဘုရားသခင့်ထံ ကလေးငယ်တယောက်၏ ရိုသေလေးစားမှုမျိုး၊ စိတ်ချယုံကြည်မှုမျိုး ကျွန်ုပ်တို့အထဲ၌ဖြစ်ပွားစေလျှက် စိတ်တက်ကြွစေမည် အကြောင်းဖြစ်သည်။ ထိုအချက်သည် ဆုတောင်းခြင်း၏အခြေခံအုတ်မြစ်ဖြစ်သည်။ အမည်အားဖြင့်ဖေါ်ပြရလျှင်၊ ဘုရားသခင်သည် သခင်ခရစ်တော်၌ ကျွန်ုပ်တို့၏ဘခင်ဖြစ်လာပြီး၊ ကျွန်ုပ်တို့၏မိဘများထံ၌ ဤလောကနှင့်ဆိုင်သောအရာတို့ကိုတောင်းပါက မငြင်းပယ်ကြသကဲ့သို့၊ သူ့ထံ၌ စစ်မှန်သောယုံကြည်ခြင်းဖြင့် တောင်းရှောက်သောအခါ ငြင်းပယ်မည်မဟုတ်ပါ။

(မဿဲ ၆း၉၊ ၇-၁၁၊ လု ၁၁း၁၁၊ ဟေ ၄၉း၁၅)

121/ ***"ကောင်းကင်ဘုံ၌ရှိတော်မူသော"***ဆိုသည်ကို အဘယ်ကြောင့်ဤနေရာ၌ ထပ်မံထည့်သွင်းထားပါသနည်း?

ဘုရားသခင်၏ ကောင်းကင်နှင့်ဆိုင်သောကြီးမြတ်တော်မူခြင်းကို ကျွန်ုပ်တို့က မြေကြီးနှင့် ဆိုင်သော စိတ်ကူးအကြံအစည် ပုံဖေါ်မည်ဆိုး၍ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည်ခန္ဓာနှင့် ဝိ ညာဉ်အတွက်လိုအပ်သမျှကို ဘုရားသခင်၏ဘုန်းတန်ခိုးမှနေ၍ ရရှိမည်ဟု မျှော်လင့်ရန်ဖြစ် သည်။ (ယေ ၂၃း၂၄၊ တမန် ၁၇း၂၄၊ ရော ၁၀း၁၂)

### သခင်ဘုရား၏နေ့ (47)

122/ ပထမ အသနားခံတောင်းရှောက်ခြင်းကား အဘယ်နည်း?

***"ကိုယ်တော်၏နာမတော်အားရိုသေလေးမြတ်ခြင်းရှိပါစေသော"***ဖြစ်၏။ ဆိုလိုသည်မှာ ပထမအနေနှင့်၊ ကိုယ်တော်အားမှန်ကန်စွာသိခွင့်ပေးပါ။ ကိုယ်တော်၏ဘုန်းတော်၊ ဉာဏ်ပညာ တော်၊ ကောင်းမြတ်တော်မူခြင်း၊ ဖြောင့်မှန်တော်မူခြင်း၊ ဂရုဏာရှိတော်မူခြင်းနှင့် မှန်ကန်တော်မူ ခြင်း စသည်တို့ကို ရှင်းလင်းစွာဖေါ်ပြနေသော ကိုယ်တော်၏လုပ်ဆောင်မှုများအားလုံး၌၊ ကိုယ် တော်ကို ကြည်ညိုခွင့်၊ ဘုန်းတော်ချီးမွမ်းခွင့်ကိုပေးတော်မူပါ။ ထိုထက်မက ကိုယ်တော်၏နာမ တော်အား ကျွန်ုပ်တို့သည်မပြစ်မှားမိမည်အကြောင်း ကျွန်ုပ်တို့၏အသက်တာတခုလုံး အတွေးအ ကြံများ၊ စကားလုံးများ၊ အပြုအမူများကို အမိန့်ပေးလျှက်ထိန်းကျောင်းပဲ့ပြင်ပါမည်။ ထိုသို့လျှင် နာမတော်ကို ရိုသေလေးစားလျှက် ချီးမွမ်းပါမည်။

(မဿဲ ၆း၉၊ ယော ၁၇း၃၊ ယေ ၉း၂၃-၂၄၊ မဿဲ ၁၆း၁၇၊ ယာကုပ် ၁း၅၊ ဆာလံ ၁၁၉း၁၃၇-၁၃၈၊ လု ၁း၄၆၊ ဆာလံ ၁၄၅း၈-၉၊ ၁၁၅း၁၊ ၇၁း၈)

### သခင်ဘုရား၏နေ့ (48)

123/ ဒုတိယ အသနားခံတောင်းရှောက်ခြင်းကား အဘယ်နည်း?

***"နိုင်ငံတော်နည်ထောင်ပါစေသော"***ဖြစ်၏။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်အား ပို၍ပို၍ နာခံပါမည်အကြောင်း ကျွန်ုပ်တို့ကို ကိုယ်တော်၏နှုတ်ကပတ်တော်နှင့်ဝိညာဉ်တော်ဖြင့် အုပ်စိုးတော်မူပါ။ ကိုယ်တော်၏အသင်းတော်ကို စောင့်ရှောက်လျှက်တိုးပွားစေတော်မူပါ။ ကိုယ် တော်ကိုဆန့်ကျင်ဖက်ပြုလျှက် မိမိတို့ဘာသာချီးမြှောက်ကြသည့် အားလုံးသောအ္တမပြုခြင်းများ၊ နတ်ဆိုး၏လုပ်ဆောင်ချက်များကိုဖျက်ဆီးတော်မူပါ။ ထို့အတူ ကိုယ်တော်၏ သန့်ရှင်းသောနှုတ် ကပတ်တော်ကိုဆန့်ကျင်သည့် အားလုံးသောအကြံအစည်များကိုလည်း ဖျက်ဆီးတော်မူပါ။ အ ထက်ပါတို့ကို ကိုယ်တော်၏နိုင်ငံတော် ပြည့်စုံစွာတည်ထောင်လျှက် ကိုယ်တော်သည် အလုံးစုံတို့၏အလုံးစုံ ဖြစ်လာချိန်ထိတိုင်အောင် ပြုတော်မူပါ။ (မဿဲ ၆း၁၀ ဆာလံ ၁၁၉း၅၊ ၅၁း၁၈၊ ၁ယော ၃း၈၊ ရော ၁၆း၂၀၊ ဗျာ ၂၂း၁၇၊၂၀၊ ၁ကော ၁၅း၁၅၊၂၈)

## **သခင်ဘုရား၏နေ့ (49)**

124/ တတိယ အသနားခံတောင်းလျှောက်ခြင်းကား အဘယ်နည်း?

***“အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာပြည့်စုံပါစေသော”***ဖြစ်၏။ ဆိုလိုသည်မှာ ကျွန်ုပ်တို့နှင့်လူများအားလုံးသည် မိမိတို့၏အလိုဆန္ဒများကိုပစ်ပယ်လျှက်၊ တခု တည်းသော ကောင်းမြတ်ခြင်းဖြစ်သည့် ကိုယ်တော်၏အလိုတော်ကို ငြီးငွေ့ခြင်းမရှိဘဲ ဝန်ခံနိုင်ခွင့် ပေးတော်မူပါ။ ထိုသို့ဖြင့် အယောက်စီတိုင်းသည်ခေါ်တော်မူခြင်းဖြင့် ဘုရားသခင် ကစေခိုင်းသော အလုပ်များကို မိမိတို့ကျရာတာဝန်များအတိုင်း၊ ကောင်းကင်ဘုံ၌ ကောင်းကင် တမန်များက လိုချင်ဆန္ဒရှိစွာ၊ သစ္စာရှိစွာနှင့်လုပ်ဆောင်ကြသကဲ့သို့ လုပ်ဆောင်ကြပါမည်။

(မဿဲ ၆း၁၀၊ ၁၆း၂၄၊ တိတု ၂း၁၂၊ လု ၂၂း၄၂၊ ၁ကော ၇း၂၄၊ ဧဖက် ၄း၁၊ ဆာလံ ၁၀၃း၂၀)

## **သခင်ဘုရား၏နေ့ (50)**

125/ စတုတ္ထ အသနားခံတောင်းလျှောက်ခြင်းကား အဘယ်နည်း?

***“အသက်မွေးလောက်သောအစာကို အကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ”***ဖြစ်၏။ ဆိုလိုသည်မှာ ကိုယ်ခန္ဓာအတွက် မရှိမဖြစ်သော အရာခပ်သိမ်းကို ထောက်ပံ့ဖို့ရန် အလိုရှိတော် မူပါ။ ထိုသို့ဖြင့် ကိုယ်တော်သည် တိုးတက်ခြင်းအားလုံးတို့ထွက်လာရာ၊ တခုတည်းသောစမ်းရေ တွင်းဖြစ်သည်ဟု ကျွန်ုပ်တို့ကသိမှတ်ဝန်ခံကြပါမည်။ ကိုယ်တော်ပေးသောဆုကျေးဇူးသည်ပင် လျှင် ကိုယ်တော်၏ကောင်းချီးမပါရှိဘဲ၊ ကျွန်ုပ်တို့ကိုအကျိုးမပေးနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ သည် ဖန်ဆင်းခံသတ္တဝါများကိုအားကိုးခြင်းမှ မိမိတို့ကိုယ်ကိုရုပ်သိမ်းလျှက်၊ ကိုယ်တော်တဦးတည်းကိုသာ အားကိုးကြပါမည်။

(မဿဲ ၆း၁၁၊ ဆာလံ ၁၄၅း၁၅၊ မဿဲ ၆း၂၅၊ တမန် ၁၇း၂၅၊ ၁၄း၁၇၊ ၁ကော ၁၅း၅၈၊ တရား ၈း၃၊ ဆာလံ ၁၂၇း၁-၂၊ ၆၂း၁၁၊ ၅၅း၂၂)

## **သခင်ဘုရား၏နေ့ (51)**

126/ ပဉ္စမ အသနားခံတောင်းလျှောက်ခြင်းကား အဘယ်နည်း?

***“သူတပါးသည်အကျွန်ုပ်တို့ကို ပြစ်မှားသောအပြစ်များကိုလွှတ်တော်မူသကဲ့သို့ အကျွန်ုပ် တို့၏အပြစ်များကို လွှတ်တော်မူပါ”*** ဖြစ်၏။ ဆိုလိုသည်မှာ သခင်ခရစ်တော်၏အသွေးတော် ကြောင့် ကျွန်ုပ်တို့ကဲ့သို့သော သနားစရာအပြစ်သားများအပေါ်သို့ ကျွန်ုပ်တို့၏ပြစ်မှားခြင်းများကို မှတ်ယူခြင်းမပြုရန် အလိုရှိတော်မူပါ။ ကျွန်ုပ်တို့၌ အစဉ်အမြဲတွယ်ကပ်နေသော အပြစ်များခြင်းအဖြစ်ကိုလည်း မှတ်ယူခြင်းမရှိပါနှင့်။ ထိုကျေးဇူးတော်၏သက်သေကို ကျွန်ုပ်တို့ခံစားကြရသဖြင့် မိမိတို့အိမ်နီးချင်း၏အပြစ်များကိုလည်း ခွင့်လွှတ်ရန်၊ နှလုံးသားမှခိုင်မာသော သန္နိဋ္ဌာန် ချမှတ်ကြပါသည်။ (မဿဲ ၆း၁၂၊ ဆာလံ ၅၁း၁၊ ၁ယော ၂း၁-၂၊ မဿဲ ၆း၁၄-၁၅)

## **သခင်ဘုရား၏နေ့ (52)**

127/ ဆဋ္ဌမ အသနားခံတောင်းလျှောက်ခြ***“အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ၊*** င်းကား အဘယ်နည်း?

***မကောင်းသောအမှုအရာမှလည်းကယ်နှုတ် တော်မူပါ”***ဖြစ်၏။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည်ယုံကြည်ခြင်းလွန်စွာပင်အားနည်းသဖြင့်၊ တွက် ခဏလေးပင် မိမိတို့ဘာသာ ရပ်တည်ခြင်းငှာမစွမ်းသာပါ။ ထို့အပြင် ကျွန်ုပ်တို့နှင့်မပြေရန်ငြိုးထားကြသည့် ရန်သူများဖြစ်သော နတ်ဆိုး၊ လောကီ၊ ဇာတိအသွေးအသားတို့က၊ ကျွန်ုပ်တို့ကို ရပ်တန့်ခြင်းမရှိ၊ အစဉ်တိုက်ခိုက်နေကြသဖြင့်၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ် တော်တန်ခိုးဖြင့် စောင့်ရှောက်ထိန်းသိမ်းခွန်အားပေးတော်မူပါ။ ထိုသို့ဖြင့်ကျွန်ုပ်တို့သည် ဤဝိ ညာဉ်တိုက်ပွဲ၌ ကျရှုံးခြင်းမရှိဘဲ၊ နောက်ဆုံး၌ ထိုရန်သူများအပေါ် ပြည့်ဝစွာ အောင်နိုင်သည့် တိုင်အောင် ကျွန်ုပ်တို့သည် ထိုရန်သူများကို အစဉ်မပြတ်အားသွန်ခွန်စိုက် တားဆီးတိုက်လှန်ကြ ပါမည်။

(မဿဲ ၆း၁၃၊ ရော ၈း၂၆၊ ဆာလံ ၁၀၃း၄၊ ၁ပေ ၅း၈၊ ဧဖက် ၆း၁၂၊ ယော ၁၅း၁၉၊ ရော ၇း၂၃၊ ဂလာ ၅း၁၇၊ မဿဲ ၂၆း၄၁၊ မာကု ၁၃း၁၃၊ ၁သက် ၃း၁၃၊ ၅း၂၃)

128/ သင်၏ဆုတောင်းခြင်းကို မည်သို့အဆုံးသတ်ပါသနည်း?

***"အစိုးပိုင်သောအခွင့်နှင့်ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါ၏"***ဖြစ်၏။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ဆုတောင်းခြင်းများအားလုံးကို ကိုယ်တော်သည် ကျွန်ုပ်တို့ ၏ရှင်ဘုရင်နှင့်ဘုန်းတန်ခိုးကြီးသူဖြစ်သဖြင့် ကျွန်ုပ်တို့အား ကောင်းမြတ်ခြင်းအားလုံးကိုပေးဖို့ရန် အလိုတော်ရှိပြီး ပေးနိုင်သူဖြစ်၏။ ဤသို့တောင်းလျှောက်သည့်အခါ၌လည်း ကျွန်ုပ်တို့ဘုန်းကြီးဖို့ ရန်မဟုတ်၊ ကိုယ်တော်၏သန့်ရှင်းသောနာမတော် ထာဝရဘုန်းကြီးဖို့ရန် တောင်းလျှောက်ကြပါ သည်။

(မဿဲ ၆း၁၃၊ ရော ၁၀း၁၂၊ ၂ပေ ၂း၉၊ ယော ၁၄း၁၃၊ ဆာလံ ၁၁၅း၁၊ ဖိလိ ၄း၂၀)

129/ ***"အာမင်"***ဆိုသည့်စကားလုံးက မည်သည့်အဓိပ္ပါယ်သက်ရောက်စေသနည်း?

***"အာမင်"***က သက်ရောက်စေသော အဓိပ္ပါယ်မှာ၊- ဤအကြောင်းအရာသည် မှန်ကန်စွာ၊ သေချာစွာ ဖြစ်လိမ့်မည်။ ဆုတောင်းရာ၌ပါဝင်သည်များကို၊ ကျွန်ုပ်စိတ်နှလုံးက ဘုရားသခင်ထံ မှ လိုချင်ဆန္ဒရှိသည်ဟု ခံစားမိသည်ထက်ပင်၊ ကျွန်ုပ်၏ဆုတောင်းသံကို ဘုရားသခင်က အလွန် သေချာစွာ နားညောင်းတော်မူမည်။

(၂ကော ၁း၂၀၊ ၂တိ ၂း၁၃)